ကြေးမုံ
The Mirror

၁၃၇၀ပြည့်နှစ်၊ ဦးတန်ခူးလပြည့်ကျော် ၆ ရက်၊ စနေနေ့၊ (26-4-2008) (၅၆၆၀)

ဗြဟ္မစရိယဉ္စ ဧတံ မင်္ဂလ မုတ္တမံ

မြတ်သောအကျင့်ကို ကျင့်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

● အခြေခံဥပဒေအတည်ပြုရေးသည် ယနေ့ ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန် ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလား သူတိုင်း ထောက်ခံမဲ ပေးကြစို့။

တပ်မတော်က နိုင်ငံတော်အာဏာလွှဲပြောင်းရေးကို စနစ်တကျ ဆောင်ရွက်နေရာမှာ သဘောထား မညီမျှတဲ့ ပြည်တွင်းပြည်ပ ပုဂ္ဂိုလ် အနည်းငယ်က ဖျက်လိုဖျက်ဆီး ဆောင်ရွက်နေ

သို့သော်လည်း တပ်မတော်ဟာ ပြည်သူ့ဆန္ဒကို ဦးထိပ်ပန်ဆင်သွားမှာဖြစ် အဖျက်အန္တရာယ် မှန်သမျှကို ပြည်သူနဲ့လက်တွဲပြီး တွန်းလှန်သွားမှာဖြစ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၁) သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်း ပြောကြားစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၅

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၁၁၁) သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၆-၄-၂၀၀၈
(စနေနေ့)

ပညာစွမ်းအားဖြင့် အနာဂတ်ကို ဖန်တီးဖော်ဆောင်

မျက်မှောက် အချိန်အခါတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍစုံ၌ အဆင့်မြင့် သိပ္ပံနှင့်နည်းပညာရပ်များ ခေတ်နှင့်အညီ တိုးတက်ဖြစ်ထွန်းနေသည်။ နိုင်ငံနှင့်လူမျိုး အနာဂတ်ရှင်သန်ဖွံ့ဖြိုးရေးသည် မျိုးဆက်သစ် လူငယ်များ၏ လက်ဝယ်တွင်ရှိသည်ဖြစ်ရာ နိုင်ငံတော်က ပညာရေးပတ်ဝန်းကျင်ကောင်းများ တည်ဆောက်၍ လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင် မွေးထုတ်ပေးလျက်ရှိသည်။

အမျိုးသားပညာရည်မြင့်မားရေး နှစ်တိုနှစ်ရှည် စီမံကိန်းများ ရေးဆွဲဖော်ဆောင်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားတိုင်း ပညာတတ်မြောက်စေရေး၊ အရည်အသွေးမြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေးတို့အတွက် မြို့ပြနှင့် ကျေးလက် ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်နေသည်။

နိုင်ငံတစ်နံတစ်လျားတွင် နှစ်မိုင်ခွဲ ဧရိယာတိုင်း၌ အခြေခံပညာ ကျောင်းတစ်ကျောင်း တည်ဆောက် ဖွင့်လှစ်ပေးထားသကဲ့သို့ ကွန်ပျူတာ ကွန်ရက်များ၊ အီလက်ထရွန်နစ် စနစ်များကိုလည်း တစ်နိုင်ငံလုံး ဖြန့်ကြက်ဖြည့်ဆည်းပေးထားရာ ဒေသအလိုက် ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ မျှမျှတတ ဖြစ်ထွန်းနေပြီဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှု၊ ဖွံ့ဖြိုးတိုးတက်သော လူမှုစီးပွားဘဝနှင့် အသိပညာကြွယ်ဝသော လူ့စွမ်းအားအရင်းအမြစ်ဟူသည့် အခြေခံကောင်းသုံးရပ် ပြည့်စုံနေရမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က အဆိုပါအခြေခံကောင်းများ ဖြစ်ထွန်းပေါ်ပေါက်နေစေရန် နိုင်ငံတစ်ဝန်း ဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ယနေ့နိုင်ငံတော်က တည်ဆောက်ဖော်ဆောင်ပေးနေသော ပညာရေးပတ်ဝန်းကျင်ကောင်း၊ အလေ့အကျင့်ကောင်းများနှင့် အတူ စဉ်ဆက်မပြတ် ပေါ်ထွက်လာမည့် အရည်အသွေးမြင့် မျိုးဆက်သစ်လူငယ်များ၏ ပညာစွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို ဖန်တီးဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း ကျောင်းဆောင်နှင့် အခြားသောသာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်းနေ ဦးတင်မြင့်-ဒေါ်အုံးမြင့် (အရိန္ဒမာ) မိသားစုက အလှူငွေ အမေရိကန်ဒေါ်လာ ၁၅၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ) (သဒ္ဓမ္မဇောတိကဓဇ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

ရောဝတီတိုင်း လေးမျက်နှာမြို့ (အထကနှင့် အလက) ကျောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၃၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် အထကကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများသည် ဧပြီ ၂၉ရက်အရောက် ကြွရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက် ပါဝင်လှူဒါန်းနိုင်ရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်းသိရသည်။

(က-ပ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အထွေထွေအတွင်းရေးမှူး ဦးဌေးဦး သာစည်မြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့၌ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဧပြီ ၁၄ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်း သာစည်မြို့နယ် ဆူးပုတ်ကန်ကျေးရွာနှင့် သက်တော်ရှေလှောင်တမံအနီးရှိ ရှေးဟောင်း ပေါခမ်းခါတ်ပေါင်းစု စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး စေတီရင်ပြင်တော် မြေထိန်းနံရံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးသည် ဓမ္မရက္ခိတမော်ရုံ၌ ဆူးပုတ်ကုန်း၊ သူဌေးကုန်း၊ မှုန်မဆုန်၊ ကိုင်းရိုး၊ ကျွဲတပ်ဆုံနှင့် ဘုရားငါးဆူကျေးရွာတို့မှ ကျေးရွာပြည်သူနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် လည်းကောင်း၊ သာစည်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ပျော်ဘွယ်မြို့နယ် ကျီကျေးရွာအုပ်စုရှိ ကျေးရွာခုနစ်ရွာမှ ကျေးရွာသူ၊ ကျေးရွာသားများနှင့်လည်းကောင်း၊ ညနေပိုင်းတွင် ပျော်ဘွယ်မြို့နယ် ဇကရာဇ်ကုန်း ကျေးရွာအုပ်စုရှိ ကျေးရွာ ၁၂ ရွာမှ ကျေးရွာသူ၊ ကျေးရွာသားများနှင့် လည်းကောင်း တွေ့ဆုံသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးသည် ပျော်ဘွယ်မြို့နယ် ကျီကျေးရွာအုပ်စုရှိ မင်းသားကြီး ကျေးလက်ကန် ကန်ပေါင်ပြုပြင်ထားရှိမှုနှင့် ကျီကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း တည်ဆောက်နေမှုတို့ကိုလည်းကောင်း၊ စောင်ချမ်းကုန်း-ဇကရာဇ် မြေသားလမ်းနှင့် ဆောက်လုပ်ဆဲတံတားတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျေးရွာများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင်သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်တင်လှူပူဇော်နိုင်ရန်အတွက် တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် ခေမာသီရိလမ်းနေ ဦးချို-ဒေါ်ခင်အုန်းမြင့်၊ သမီး မသက်သက်၊ မနီဦးချို၊ မစန္ဒာလင်း၊ မခင်ဆွေလင်း မိသားစုက အလှူငွေကျပ် ၁၈၀၀၀၀ တန်ဖိုးရှိ ရတနာ ပစ္စည်းများကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် သီဟသုဓမ္မမဏိဇောတဓရ ဦးစိုးသိမ်းနှင့် ဦးထွန်းဝင်းတို့ လက်ခံယူစဉ်။ (က-ပ)

ဦးညွန့်အား ရည်စူး၍ ပန်းဘဲတန်းမြို့နယ် (ညွန့်မြန်မာဆိုးဆေးမိသားစု) သိမ်ကြီးဈေး (ဘီရုံ) မှ ဇနီး ဒေါ်နုနု၊ သမီး မခင်နှင်းနုတို့က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယအုပ်ချုပ်ရေးမှူး ဦးလှရှိန် လက်ခံယူစဉ်။ (က-ပ)

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ပုသိမ်မြို့နယ်)ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၅

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ပုသိမ်မြို့နယ်) ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၅ ရက်တွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမဆောင်၌ ကျင်းပသည်။ **(အောက်ပုံ)**

ပုသိမ်မြို့နယ် ရိုးရာပန်းပညာရှင်များအစည်းအရုံးကို ဥက္ကဋ္ဌ ဦးသန်းမြင့် (သန်းမြင့်ညိမ်း)၊ အတွင်းရေးမှူး ဦးသာထို (သာထို)၊ ဘဏ္ဍာရေးမှူး ဦးသန်းဦး (သန်းဦးဟန်)၊ ပြန်ကြားရေးမှူး ဦးစိုးမင်း (စိုးမင်း)၊ စည်းရုံးရေးမှူး ဦးလှဌေး (လှဌေးအောင်) တို့ ပါဝင်သော အဖွဲ့ဝင်အင်အား ၂၁ ဦးအားရွေးချယ်ဖွဲ့စည်းပေးနိုင်ပြီး မတ် ၂၆ရက်တွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးစီစဉ်ပေးမှုဖြင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ (ဗဟို)နှင့် ပုသိမ်မြို့နယ်အစည်းအရုံးဝင် ရိုးရာပန်းပညာရှင်များ စုပေါင်း၍ ချောင်းသာ၊ ငွေဆောင်ကမ်းခြေအလှသဘာဝရှုခင်းများ ကွင်းဆင်းလေ့လာ၍ သရုပ်ဖော်ရေးဆွဲကြကြောင်း သိရသည်။ (သတင်းစဉ်)

ကျိုက်သလ္လံစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မှု လုပ်ငန်းများအတွက် လှူဒါန်းနိုင်

ရန်ကုန် ဧပြီ ၂၅

မော်လမြိုင်မြို့သမိုင်းဝင်ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ပရဝဏ်အတွင်း ဘက်စုံပြုပြင် တည်ဆောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ ပြုပြင်တည်ဆောက်မှုလုပ်ငန်းများ အမြန်ဆုံး ပြီးစီးနိုင်ရေးအတွက် လှူဒါန်းလိုသူများသည် ကျိုက်သလ္လံ စေတီတော်မြတ်ကြီး၏ ဘက်စုံပြုပြင်တည်ဆောက်မှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ မော်လမြိုင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင် ဖုန်း-၀၅၇-၂၄၈၇၇၊ ဘုရားဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၅၇-၂၃၀၀၄၊ ဘုရားဖုန်း-၀၅၇-၂၁၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းနေ ဦးဘလေး၊ ဒေါ်စန်းစန်းရီနှင့် သား၊ သမီးများဖြစ်ကြသော ဦးထိန်လင်းအေး၊ ဒေါ်ချိုနွယ်ဦး၊ ဦးဇော်မင်းဦး၊ ဒေါ်အေမီဦးနှင့် မြေး-ကိုမှိုင်း(ယူအိချို)တို့က ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် ၁၀ သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်

နေပြည်တော် ဧပြီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

● ဘယ်သူခွဲခွဲ ဒို့မကွဲ ပေးကြပါစို့ ထောက်ခံမဲ။

သတိတရားသည် သောကမီးကို ငြိမ်းစေ၏

မီးသည် ကြီးငယ်မဟူ လောင်စာမှန်သမျှကို လောင်သွားနိုင်သော်လည်း သတိတရား လက်ကိုင်ထား၍ ဒုစရိုက်အပြစ်ကို မြင်သော သူတော်ကောင်းသည် နည်းများမဟူ လောင်ကျွမ်းတတ်သော သံယောဇဉ်မီးကို ပယ်ဖျက်နိုင်ကာ ထာဝရအေးချမ်းမှု အမှန်ရှိသော သန္တိသုခ ပြည့်နိဗ္ဗာန်သို့ တက်လှမ်းနိုင်မည်ဖြစ်သည်။

ဓမ္မပဒ(၃၁)

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲအခမ်းအနားများ ရန်ကုန်တောင်ပိုင်းခရိုင်ရှိ မြို့နယ် လေးမြို့နယ်တို့၌ ကျင်းပ

ရန်ကုန် ဧပြီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင်ရှိ မြို့နယ်လေးမြို့နယ်၏ သတ်မှတ်နေရာအသီးသီး၌ ကျင်းပကြသည်။

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာများကို သန်လျင်မြို့နယ် သန်လျင်မြို့မဈေးကြီးအနီး ဗိုလ်ချုပ်နေဝင်းလမ်းနှင့် လမ်းမတော်လမ်းထောင့်၌လည်းကောင်း၊ ကျောက်တန်းမြို့နယ် သန်လျင်-ကျောက်တန်းလမ်း ကျောက်တန်းမြို့အဝင် မုခ်ဦးအနီး၌လည်းကောင်း၊ သုံးခွမြို့နယ် အောင်ဇေယျလမ်း သုံးခွမြို့မဈေးရှေ့၌လည်းကောင်း၊ ခရမ်းမြို့နယ် ဘုရားလမ်း ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံရှေ့၌လည်းကောင်း စိုက်ထူကြသည်။

'မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်၊ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်၊ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်' နှင့် **'ဒို့အနာဂတ် ဒို့ဖန်တီးဖို့၊ အခြေခံဥပဒေ အတည်ပြုကြစို့'** ဟူသော မြေစိုက်ပိုစတာများကို ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်း စိုက်ထူခဲ့ကြသည်။ (သတင်းစဉ်)

မဟာသန္တိသုခ ဗုဒ္ဓရုပ်ပွားတော်ကြီးများ ပင့်ဆောင်ပူဇော်မည်

ရန်ကုန် ဧပြီ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးနှင့် ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး ဝေနေများစွာ သတ္တဝါအားလုံးတို့ ဘေးရန်ခပ်သိမ်းကင်းငြိမ်းစေရန်၊ နှလုံးစိတ်ဝမ်း အေးချမ်းကြစေရန် ရည်ရွယ်စိတ်သန် အဓိဋ္ဌာန်ဖြင့် ပဲခူးတိုင်း တောင်ငူခရိုင် ကေတုမတီမြို့သစ် မဟာစည်သာသနာ့ရိပ်သာ ကျောင်းတိုက်အတွင်း၌ တည်ထားကိုးကွယ်အပ်သော မဟာသန္တိသုခ အောင်ချမ်းသာစေတီတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူမည့် မဟာသန္တိသုခ ဗုဒ္ဓရုပ်ပွားတော်ကြီးများကို ၁၃၇၀ ပြည့်နှစ် တန်ခူးလပြည့်ကျော် ၇ ရက်(တနင်္ဂနွေနေ့)၊ ဧပြီ ၂၇ ရက် နံနက် ၅ နာရီတွင် မန္တလေးမြို့မှ ကေတုမတီမြို့သစ်(တောင်ငူ)သို့ မော်တော်ယာဉ်များဖြင့် သယ်ယူပင့်ဆောင် ပူဇော်မည်ဖြစ်သည်။

လမ်းကြောင်းတစ်လျှောက် ဖြတ်သန်းမည့် မြို့ရွာများရှိ ရဟန်းရှင်လူ ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်အပေါင်းတို့ ကြွရောက်ဖူးမြော် ပူဇော်ကုသိုလ်တော်ယူနိုင်ကြစေရန် အသိပေး နှိုးဆော်ထားသည်။ (က-ပ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ခရမ်းမြို့ ပြည်သူ့ဆေးရုံရှေ့၌ မြေစိုက်ပိုစတာ စိုက်ထူစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၄-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။မြဝတီအဖွင့်
၇း၀၅ ၂။အဖွင့်သီချင်း
၇း၁၀ ၃။မျိုးချစ်တပ်မတော်
၇း၂၀ ၄။မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။မြန်မာသင်္ကြန်
၈း၀၀ ၉။မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။အမျိုးသားရေး တေးကဗျာ
၈း၁၅ ၁၁။အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀ ၁။မြဝတီအဖွင့်
၁၂း၀၅ ၂။အဖွင့်သီချင်း
၁၂း၁၀ ၃။မျိုးချစ်တပ်မတော်
၁၂း၂၅ ၄။ကျန်းမာသုတ
၁၂း၃၀ ၅။**မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် - ဆိပ်ကမ်းမဲ့တဲ့မြစ် (နေတိုး၊ အိန္ဒြာကျော်ဇင်)**
၁း၅၀ ၆။အမျိုးသားရေးတေးကဗျာ
၁း၅၅ ၇။အပိတ်နှုတ်ဆက်စကား
၂း၀၀ ၈။ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။မြဝတီအဖွင့်
၄း၀၅ ၂။အဖွင့်သီချင်း
၄း၁၀ ၃။ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅ ၄။မြန်မာသံစဉ် ချိုနားဝင်
၄း၂၀ ၅။မျိုးချစ်တပ်မတော်
၄း၂၅ ၆။မြန်မာသင်္ကြန်
၄း၄၅ ၇။သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၈။ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၉။မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။နိုင်ငံတကာသတင်း
၆း၂၀ ၁၁။အမျိုးသားရေး တေးကဗျာ
၆း၂၅ ၁၂။အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၅ ၁၃။လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၄။ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **- ချစ်သောဤကမ္ဘာ (အပိုင်း-၇)**
၈း၀၀ ၁၅။မြဝတီရုပ်မြင်သံကြားသတင်း
၁၆။မိုးလေဝသသတင်း
၁၇။အမျိုးသားရေးတေးကဗျာ
၁၈။လူရွှင်တော်ရွှေဖလား
၁၉။English Usage
၂၀။ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-သွေးသစ္စာအေး(အပိုင်း-၁၃)**
၂၂။သင့်အတွက်မနက်ဖြန်
၂၃။အပိတ်နှုတ်ဆက်စကား
၂၄။ပြီးပါပြီ။

လူတိုင်းတာဝန်ကျေပွန်မှ အားလုံးအခွင့်အရေးရမည်

စိုင်းသီဟ

လွတ်လပ်သော နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ခွင့်ဟူသည် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို နိုင်ငံသားများကိုယ်စား သက်ဆိုင်ရာ အဖွဲ့သုံးဖွဲ့က ကိုင်တွယ်ကျင့်သုံးခြင်းပင်ဖြစ်သည်။

ထိုအဖွဲ့သုံးဖွဲ့ကို ဥပဒေပြုအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့နှင့် တရားစီရင်ရေးအဖွဲ့ဟု ခေါ်နိုင်သည်။ ဥပဒေစကားရပ်အရ ဥပဒေပြုအဖွဲ့ကို လွှတ်တော်၊ အုပ်ချုပ်ရေးအဖွဲ့ကို အစိုးရအဖွဲ့၊ တရားစီရင်ရေးအဖွဲ့ကို တရားလွှတ်တော်ဟု ခေါ်လေ့ရှိသည်။

ဒီမိုကရေစီ(ဝါ)ပြည်သူ့အုပ်ချုပ်ရေးစနစ် ကျင့်သုံးသော နိုင်ငံတိုင်းတွင် ဥပဒေများကို ဥပဒေပြုအဖွဲ့က ရေးဆွဲပြဋ္ဌာန်းပေးသည်။ အုပ်ချုပ်ရေးအဖွဲ့က ထိုဥပဒေများနှင့်အညီ နိုင်ငံကို စီမံခန့်ခွဲအုပ်ချုပ်ရသည်။ ထိုသို့အုပ်ချုပ်ရာတွင် နိုင်ငံတည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံသားများ လူချင်းတူတူ၊ သူချင်းမျှမျှ တန်းတူအခွင့်အရေးရပြီး လုံခြုံချောမွေ့စွာ နေထိုင်သွားလာ ကူးသန်းရောင်းဝယ်လုပ်ကိုင်နိုင်အောင် သွက်လက်ထက်မြက်စွာ စီမံခန့်ခွဲပေးရသည်။ ထုတ်ပြန်ထားသော ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ပြီး နိုင်ငံမတည်မငြိမ်ဖြစ်အောင်၊ အများပြည်သူ အနှောင့်အယှက်ဖြစ်အောင် လုပ်ဆောင်လာသူများကိုလည်း ဥပဒေကျင့်ထုံးများနှင့်အညီ တရားစီရင်ရေးအဖွဲ့များက စစ်ဆေးစီရင်ကြရသည်။ ယင်းသည် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအရ ဆောင်ရွက်ခွင့် ရရှိခြင်းဖြစ်သည်။

ယင်းသို့ ဆောင်ရွက်ခွင့်ရရှိမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အတည်ပြုပြဋ္ဌာန်းလေ့ရှိကြသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုသည်မှာ အကြင်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ခွင့်ကို ဖော်ညွှန်းပြသခြင်းလည်း ဖြစ်သည်။ အချုပ်အခြာအာဏာသည် ထိုနိုင်ငံ၏ နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံး၌ တည်နေကြောင်းကိုမီးမောင်းထိုးပြခြင်းလည်းမည်ပေသည်။

ယနေ့ မြန်မာနိုင်ငံကို တာဝန်ယူအုပ်ချုပ်နေသော အစိုးရသည် တပ်မတော်အစိုးရဖြစ်သည်။ တပ်မတော်အစိုးရသည် ၁၉၈၈ ခုနှစ် တိုင်းပြည်တွင် အဘက်ဘက်မှ ယိုယွင်းပျက်စီးနေမှုများကို တာဝန်ယူထိန်းမတ်ပြုပြင်ပြီး နိုင်ငံကို ပြန်လည်ထူထောင်မြှင့်တင် ပေးလျက်ရှိသည်။ တိုင်းပြည်၏ အချုပ်အခြာအာဏာပိုင်ခွင့် မပျက်ယွင်းစေရေး၊ အထိပါးမခံရစေရေးတို့အတွက် နိုင်ငံတော်တာဝန်ကို ရယူထားသော်လည်း ရေရှည်ချုပ်ကိုင်ထားလိုသော ဆန္ဒမရှိပေ။

လက်မှန်မဆွ ရှေးဦးကာလကပင် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာသောအစိုးရအား နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးအပ်မည်ဟု ကတိပြုထားသည်။ အခွင့်အခါကြုံကြိုက်တိုင်းလည်း ထပ်လောင်းဖော်ပြခဲ့သည်။

ယင်းသို့ နိုင်ငံ့တာဝန်ကို တည်ငြိမ်အေးချမ်းစွာနှင့် စနစ်တကျလွှဲပြောင်းပေးအပ်နိုင်ရန်အတွက် လိုအပ်သော အခြေခံကောင်းများကို ကြိုးပမ်းဖော်ဆောင်ခဲ့ခြင်းကြောင့် ယခုအခါ အခြေခံဥပဒေမူကြမ်းအဆင့်အထိ ရေးဆွဲနိုင်ခဲ့ပြီဖြစ်သည်။ မကြာမီ ရက်ပိုင်းအတွင်း အခြေခံဥပဒေအတည်ပြုရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပတော့မည်ဖြစ်သည်။

ယခုအခါ အခြေခံဥပဒေကို ယခင်အခြေခံဥပဒေနှစ်ရပ် ရေးဆွဲပြဋ္ဌာန်းကျင့်သုံးခဲ့ကြသကဲ့သို့ ချို့ယွင်းအားနည်းမှုများကို နိုင်ငံသူ၊ နိုင်ငံသားများ ထပ်မံမခံစားရစေရေးအတွက် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍဖြင့် ထိန်းကျောင်းပေးထားသည်။ဥပဒေပြုအဖွဲ့အဆင့်ဆင့်တွင် အရွေးချယ်ခံ ကိုယ်စားလှယ်ဦးရေ၏ သုံးပုံတစ်ပုံမျှသော တပ်မတော်သားကိုယ်စားလှယ်များ ပါဝင်နေခြင်းသည် အမျိုးသားနိုင်ငံရေးမှ သွေဖည်သွားမည့် ပါတီနိုင်ငံရေး၊ အာဏာနိုင်ငံရေး လှုပ်ရှားလာမှုများရှိပါက ပြည်သူလူထုကိုယ်စား စောင့်ကြည့်ပြီး ကန့်ကွက်သွားရန်အတွက်သာဖြစ်ပေသည်။

တစ်နည်းအားဖြင့် ခိုင်မာပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီပြည်သူ့အုပ်ချုပ်ရေးစနစ် အလေ့အကျင့်ကောင်းများ ရရှိထွန်းကားပြန့်ပွားစေရေး ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ဖော်ဆောင်ထားခြင်း ဖြစ်သည်။ ကာလအခြေအနေကိုကြည့်လျှင်လည်း ယနေ့အချိန်အခါသည် ရိုးသားမွန်မြတ်သော နိုင်ငံရေးသမားမျိုးဆက်သစ်လူငယ်လူရွယ်များကို လေ့ကျင့်ပျိုးထောင်မွေးထုတ်ပေးရမည့် ကာလဖြစ်နေပေသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အရည်အချင်းသတ်မှတ်ချက်များကို လေ့လာလျှင် ထိုအချက်ကို ပို၍သိရှိနိုင်သည်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းအား အသက်အားဖြင့် (၂၅) နှစ်ပြည့်ပြီးသူဟု သတ်မှတ်ထားသည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းအား အသက် (၃၀) ပြည့်ပြီးသူဟု သတ်မှတ်ထားသည်။ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကိုလည်း အသက်(၂၅)နှစ်ပြည့်ပြီးသူဟု သတ်မှတ်ထားသည်။ ဥပဒေအရ သတ်မှတ်ချက်နှင့်ညီညွတ်သူ နိုင်ငံသားတိုင်း လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

ထို့ကြောင့် အသက်(၂၅)နှစ်မှ (၃၀)ပြည့်ပြီးသူ နိုင်ငံသားတိုင်းသည် မကြာမီ ပြောင်းလဲကျင့်သုံးမည့် ဒီမိုကရေစီပြည်သူ့အုပ်ချုပ်ရေးစနစ်အရ အရည်အချင်းသတ်မှတ်ချက်နှင့်ညီညွတ်ပြီး မိမိနယ်မြေဒေသမှ မဲဆန္ဒရှင်ပြည်သူများ၏ ထောက်ခံမှုကိုရရှိပါက လွှတ်တော်တစ်ရပ်ရပ်တွင် ကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ခွင့် ရရှိလာမည်မှာ မလွဲဧကန်ဖြစ်သည်။

၄င်းအခွင့်အရေးအတွက် မဲဆွယ်မှု၊ မဲဝယ်မှု၊ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှု၊ နိုင်ငံရေးအရောင်ဆိုးမှု၊ ဝါဒအစွဲအလမ်းစသည်များကို လုံးဝထားရှိရန်မလိုအပ်ပေ။ အမျိုးသားနိုင်ငံရေးကိုသာ အလေးထားပြီး ရပ်ရွာဒေသအကျိုးကို အနစ်နာခံသယ်ပိုးသူတိုင်း လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာနိုင်သည်မှာ သေချာလှသည်။

ယင်းသည် ယခုအခြေခံဥပဒေကို ထောက်ခံမဲဖြင့် အတည်ပြုပေးလိုက်ခြင်းကြောင့် တစ်မုဟုတ်ချင်း အခြေခံဥပဒေက မိမိတို့အား ပြန်လည်ပေးအပ်လာမည့် နိုင်ငံသားများ၏ မူလအခွင့်အရေးတစ်ရပ်ပင် ဖြစ်သည်။ ထိုအခွင့်အရေးကို ယနေ့ကာလတွင် မရရှိနိုင်သေးပါ။ အခြေခံဥပဒေကို အတည်ပြုပြီး ပြည်သူ့ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းလာမှသာ လက်ဝယ်ပိုင်ပိုင်ရရှိနိုင်မည်ဖြစ်ပေသည်။

ထို့ကြောင့် **အမျိုးသားနိုင်ငံရေးနှင့် မဝေးကွာသင့်ပေ။ အလှမ်းမကွာအပ်ပေ။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးနှင့် နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးကို လိုလားတောင့်တ ပါဝင်ဆောင်ရွက်ကြသူတိုင်း အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် လူမျိုးမရွေး၊ ဘာသာမရွေး ပူးပေါင်းပါဝင်လုပ်ဆောင်နိုင်ခွင့် အပြည့်အဝ ရှိပေသည်။ ထိုအခွင့်အရေးကို ယခု ဖွဲ့စည်းပုံအခြေခံဥပဒေက မိမိတို့အား အတိအလင်း အပ်နှင်းပေးထားပြီးဖြစ်သည်။**

"လောကမှာ လုပ်သင့်လုပ်ထိုက်တာကိုသာ လုပ်ပါ။ လူဆိုတာ လူ့ဘောင်လောကရဲ့တာဝန်ကိုထမ်းဆောင်ဖို့ မွေးဖွားလာတဲ့ လူချည်းပဲ" ဟုစာရေးဆရာကြီး ဂေါ်ကီက ဆိုထားသည်။ **"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်"** ဟူ၍လည်း နိုင်ငံတော်က ကာလရှည်ကြာစွာကပင် အသိပေးတိုက်တွန်းထားသည်။ ယခုတစ်ဖန် **"အခြေခံဥပဒေအတည်ပြုရေးသည် ယနေ့ ပြည်သူအားလုံး၏ အမျိုးသားရေး တာဝန်ဖြစ်သည်။ အမျိုးသားရေး အကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့"** ဟုလည်း နှိုးဆော်နေပေပြီ။

သို့ဖြစ်လျှင် **အမျိုးသားရေးသမိုင်းပေးတာဝန် ကျေပွန်ခြင်းဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေး ခရီးလမ်းတွင် ကိုယ်တိုင်ကိုယ်ကျပါဝင် လျှောက်လှမ်းခြင်းသည် လုပ်သင့်လုပ်ထိုက်သော အလုပ်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပေလိမ့်မည်။ အခြေခံဥပဒေကို ထောက်ခံအတည်ပြုသူတိုင်းကို အခြေခံဥပဒေက ပြန်လည်ထောက်ခံအတည်ပြုမည်သာဖြစ်သည်။ လူတိုင်းတာဝန်ကျေပွန်မှ အားလုံးအခွင့်အရေးရမည်** ဟုသာ ဆိုလိုက်ရပါသည်။ ။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးနှင့် နိုင်ငံတော်၌ တရား မျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးကို လိုလားတောင့်တ ပါဝင်ဆောင်ရွက်ကြသူတိုင်း အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် လူမျိုးမရွေး၊ ဘာသာမရွေး ပူးပေါင်းပါဝင်လုပ်ဆောင်နိုင်ခွင့် အပြည့်အဝ ရှိပေသည်။ ထိုအခွင့်အရေးကို ယခုဖွဲ့စည်းပုံအခြေခံဥပဒေက မိမိတို့အား အတိအလင်း အပ်နှင်း ပေးထားပြီးဖြစ်သည်။

● ဒီမိုကရေစီရရှိဖို့ မဲရုံသွား၍ မဲပေးစို့။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေးဖြည့်ဆည်း

နေပြည်တော် ဧပြီ ၂၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းသည် ဧပြီ ၂၁ ရက်တွင် မကွေးတိုင်း မကွေးခရိုင် ရေနံချောင်းမြို့နယ်ရှိ ကံကြီးကျေးရွာ တွဲဖက်အလယ်တန်းကျောင်း၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကံကြီးကျေးရွာအုပ်စု ခြောက်ခုမှ ရပ်မိရပ်ဖများ၊ ကျေးရွာလူထုအပါအဝင် စုစုပေါင်းအင်အား ၆၀၀ ခန့်နှင့်တွေ့ဆုံ၍ ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးပြောကြားသည်။

ထိုမှတစ်ဆင့် တွဲဖက်အထွေထွေအတွင်းရေးမှူးသည် ရေနံချောင်းမြို့နယ် ပင်းဝကျေးရွာ ဘုရားကုန်း အလယ်တန်းကျောင်းခွဲ၌ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘုရားကုန်းကျေးရွာအုပ်စုရှိ ကျေးရွာ ရှစ်ရွာမှ ရပ်မိ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ စုစုပေါင်း အင်အား ၈၀၀ ခန့်နှင့်လည်းကောင်း၊ ရေနံချောင်းမြို့နယ် ကမကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း အမှတ်(၃၉)၌ မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကမကျေးရွာအုပ်စုရှိ ကျေးရွာလေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ စုစုပေါင်းအင်အား ၅၀၀ ကျော်နှင့်လည်းကောင်း တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေ၊ စိုက်ပျိုးရေ ရရှိရေးတို့ကို အသေးစိတ် ဆွေးနွေးပြောကြားပြီး တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက် မိုးညှင်းဝိပဿနာ တိုက်သစ်ကြီး၏ မဟာရံတံတိုင်း ဆောက်လုပ်ပြုပြင်ရန်အတွက် နှစ်ဖက်မိဘများအား အမှူးထား၍ ဦးမိုးမြတ်ဟိန်း-ဒေါ်ဝင်းဝင်းကြည်၊ သမီး ဝေဝေဟိန်း၊ သား မိုလ်မိုလ်ဟိန်း မိသားစု ခတ္တာလမ်းတို့က မဟာရံတံတိုင်း တစ်ခန်းအတွက် အလှူငွေကျပ် သုံးသိန်းကို နာယကဆရာတော် မိုးညှင်း အရှင်ကုလန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မန်ယူတို့ ချယ်လ်ဆီးကို အနိုင်ကစားပါက (၁၀)ကြိမ်မြောက် ပရီမီယာလိဂ်ချန်ပီယံ ဖြစ်လာမည်

ယခုတစ်ပတ်တွင် အစဉ်အလာကြီးမားတဲ့ ပြိုင်ဘက်ဖြစ်တဲ့ ချယ်လ်ဆီးနဲ့ မန်ယူတို့ ထိပ်တိုက်တွေ့ဆုံမှုဟာ ဒီနှစ်ချန်ပီယံဖြစ်မယ့် အသင်းကို အဆုံးအဖြတ် ပေးမယ့်ပွဲဆိုရင်မမှားပါဘူး။ ဒီနေ့ပွဲမှာ မန်ယူကသာ ချယ်လ်ဆီးကို အနိုင်ကစားခဲ့ပါက ပရီမီယာလိဂ်ချန်ပီယံဆုဖလားကြီးကို မန်ယူတို့ (၁၀)ကြိမ်မြောက် ဆွတ်ခူးရရှိတော့မှာဖြစ်ပါတယ်။ ဒါပြင် တန်းဆင်းဇုန်က မလွတ်သေးတဲ့ ဝီဂန်၊ မစ်ဒယ်ဘရော့၊ ဆန်းဒါးလန်း၊ ဘော်လ်တန်၊ ရီးဒင်းနဲ့ ဖူလ်ဟမ်တို့ဟာလည်း လက်ကျန်သုံးပွဲမှာ ခြေကုန်ထုတ်ပြီး ရုန်းကန်ကြရတော့မှာပါ။ ဒါကြောင့် ယခုတစ်ပတ်တွင် ယူအီးအက်ဖ်အေဝင်ခွင့် အားပြိုင်မှုနှင့်အတူ ချန်ပီယံဆုအတွက် စိတ်ဝင်စားစရာကောင်းသလို တန်းဆင်းဇုန်ရုန်းကန်မှုကလည်း အကြိတ်အနယ်အရှိဆုံး ဖြစ်လာမှာပါ။

ယနေ့ယှဉ်ပြိုင်ကစားမယ့် ချယ်လ်ဆီးနဲ့ မန်ယူတို့ပွဲဟာ ချန်ပီယံအဆုံးအဖြတ်ပေးမယ့်ပွဲတစ်ပွဲ ဖြစ်ပါတယ်။ နှစ်သင်းလုံးဟာ ချန်ပီယံလိဂ် ဆီမီး ပထမအကျော့ပွဲ နွှဲထားရလို့ ပွဲပန်းနေနိုင်ပြီး ဒီပွဲပြီးတာနဲ့ ဆီမီးဒုတိယအကျော့ကို ကစားရမှာဖြစ်တာကြောင့် ဒီပွဲကို နှစ်သင်းလုံး ဘယ်လိုလူအခင်းအကျင်းနဲ့ ကစားမယ်ဆိုတာ စိတ်ဝင်စားစရာပါ။ နှစ်သင်းလုံးအတွက် ချန်ပီယံလိဂ်မှာ ဖိုင်နယ်တက်ရေး အရေးကြီးသလို ပရီမီယာလိဂ်ချန်ပီယံဖြစ်ရေးကလည်း အရေးကြီးနေပါတယ်။ ယနေ့ယှဉ်ပြိုင်ကစားရမယ့် စတန်းဖို့ဒ်ဘရစ်ချ်မှာ မန်ယူတို့ ချယ်လ်ဆီးကို အနိုင်ရပါက ပရီမီယာလိဂ်ချန်ပီယံဆုဖလားကြီးကို (၁၀)ကြိမ်မြောက် ဆွတ်ခူးရရှိတော့မှာ ဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ အစဉ်အလာကိုကြည့်ရင် မန်ယူကသာပေမယ့် ယနေ့ စတန်းဖို့ဒ်ဘရစ်ချ်မှာ အိမ်ရှင်တို့ သရေလောက်တော့ ကစားနိုင်မှာပါ။

ပရီမီယာလိဂ်ပွဲစဉ်(၃၆)တွင် ဧပြီ ၂၆ (ယနေ့) ၌ ချယ်လ်ဆီးနဲ့မန်ယူ၊ ဘာမင်ဂမ်နဲ့ လီဗာပူး၊ ဝက်စ်ဟမ်းနဲ့ နယူးကာဆယ်၊ မန်စီးတီးနဲ့ဖူလ်ဟမ်၊ ဝီဂန်နဲ့ရီးဒင်း၊ ဆန်းဒါးလန်းနဲ့ မစ်ဒယ်ဘရော့၊ စပါးနဲ့ဘော်လ်တန်၊ ဧပြီ ၂၇ရက်တွင် ပို့စ်မောက်နဲ့ ဘလက်ဘန်း၊ အဲဗာတန်နဲ့ ဗီလာတို့ ကစားကြမှာဖြစ်ပြီး ဧပြီ ၂၉ ရက်တွင် ဒါဘီနဲ့အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။

ဝင်းတင်(ကြေးမုံ)

အချိန်အခါမဟုတ် မိုးရွာမည့် သတိပေးချက်ထုတ်ပြန်

ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး ယင်းလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ကချင်ပြည်နယ်၊ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၅-၄-၂၀၀၈)

လောင်းလုံ	၃ ဒသမ ၈၂ လက်မ
ဇောင်းတူ	၂ ဒသမ ၂၈ လက်မ
ဘားအံ	၂ ဒသမ ၁၆ လက်မ
ဖျာပုံ	၁ ဒသမ ၇၄ လက်မ
ရေး	၁ ဒသမ ၅၈ လက်မ
ထားဝယ်	၁ ဒသမ ၅၀ လက်မ
ရန်ကုန် (ကမ္ဘာအေး)နှင့် မိုင်းဆတ်	၁ ဒသမ ၃၄ လက်မ စီ
ပဲခူး	၁ ဒသမ ၁၈ လက်မ
ရွှေကျင်	၀ ဒသမ ၇၉ လက်မ
ကိုကိုးကျွန်း	၀ ဒသမ ၇၁ လက်မ
ရန်ကုန်(မင်္ဂလာဒုံ)	၀ ဒသမ ၄၄ လက်မ
ဟသ်ာတ	၀ ဒသမ ၄၃ လက်မ

ကြေးမုံ The Mirror မှုခင်းသတင်းများ

ကြည့်မြင်တိုင်မြို့နယ်အတွင်း ဓားထိုးမှုနှစ်မှုဖြစ် ဓားထိုးခံရသူတစ်ဦး သေဆုံး

ကြည့်မြင်တိုင်မြို့နယ် သရက်တောမြောက်ရပ်ကွက် ကမ်းနားလမ်း (၃/တောင်)ကွေ့ရှိ ထမင်းကြော်ဆိုင်တွင် ဧပြီ ၂၄ ရက် ညသန်းခေါင်ယံ အချိန်ခန့်က စားသောက်ပြီးပြန်လာသည့် ကောင်းကြိုက် ဒံပေါက်ဆိုင်မှ မန်နေဂျာ သီဟကျော်(၂၇)နှစ် ကျောင်းကုန်းလမ်း (၂)ရပ်ကွက် ကမာရွတ်မြို့နယ်နေသူအား အမျိုးသားတစ်ဦး(စိစစ်ဆဲ)က မူးယစ်ပြီး အကြောင်းမဲ့ ရန်စကာ ဓားဖြင့်တစ်ချက်ထိုးခဲ့၍ သီဟကျော်မှာ ဝမ်းဗိုက်တွင် ဒဏ်ရာရရှိသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ အတွင်းလူနာအဖြစ် တင်ပို့ကုသထားသည်။

အလားတူ သီတာရပ်ကွက် ကမ်းနားလမ်းရှိ သီရိမင်္ဂလာဈေး၌ ကွမ်းပွဲစားလုပ်ကိုင်သူ စောခိုင်(၄၂)နှစ်အား ဈေးဝင်ပေါက်အနီးတွင် ယင်းနေ့ နံနက် ၂နာရီခန့်က အမျိုးသားသုံးဦး(စိစစ်ဆဲ)က ဘီယာဆိုင် မည်သည့်နေရာတွင် ရှိကြောင်းမေးမြန်းရာ စောခိုင်က မချေမငံပြန်ပြောရာမှ စကားများကာ ၎င်းလူသုံးဦးအနက် တစ်ဦးက ဓားမြှောင်ဖြင့်ထိုးခဲ့သည်။ စောခိုင်မှာ ဆီးစပ်နှင့် ဝဲဘက်ပါးတွင် ဒဏ်ရာရရှိပြီး ရန်ကုန်ဆေးရုံကြီးသို့ အတွင်းလူနာအဖြစ် တင်ပို့ကုသခဲ့သော်လည်း နံနက် ၉နာရီတွင် ယင်းဒဏ်ရာကြောင့် သေဆုံးသွားသည်။

ယင်းကိစ္စများနှင့်ပတ်သက်၍ ကြည့်မြင်တိုင်ရဲစခန်းက စောခိုင် ဓားထိုးခံရပြီး သေဆုံးမှုအား (ပ)သတင်းချက်အမှတ် ၅၁၇/၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ဖြင့်လည်းကောင်း၊ သီဟကျော် ဓားထိုးခံရမှုအား (ပ) သတင်းချက်အမှတ် ၅၁၈/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ဖြင့်လည်းကောင်းဖွင့်လှစ်၍ တရားခံများဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

အတုလဗုဒ္ဓစေတီတော် ထီးတော်တင်လှူရေစက်ချ

ဧရာဝတီတိုင်း မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ညောင်ငူ မရမ်းချောင်ကျေးရွာ ပညာ မဥ္ဇရီစာသင်တိုက်အတွင်း တည်ထားကိုးကွယ်သော ဉာဏ်တော်ပေ ၉၀အမြင့်ရှိ အတုလဗုဒ္ဓစေတီတော် ထီးတော်တင်လှူပွဲနှင့် ရေစက်ချမင်္ဂလာကို ဧပြီ ၂၀ ရက် နံနက် ၈ နာရီက ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဉာဏဘာသ၊ ကျောင်းတိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တဇောတိကနှင့် ပင့်သံဃာတော်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ ရန်ကုန်မြို့ ပရိယတ္တိမဥ္ဇူစာသင်တိုက် ဘဒ္ဒန္တ အာစိန္တ (M.A)မဟာစရိယက ငါးပါးသီလနှင့် ပရိတ်တရားတော်များကို ချီးမြှင့်ပြီးနောက် လှူဒါန်းမှုအစုစုအား ရေစက်သွန်းချ အမျှပေးဝေကြသည်။ အဆိုပါ အတုလဗုဒ္ဓစေတီတော်ကြီးအား ဦးဂေါင်ကြီး-ဒေါ်မတင်တို့အား ရည်စူး၍ မတည်အလှူရှင် သမီးဖြစ်သူ ဒေါ်စန်းပျိုနှင့် ဒေသခံပြည်သူများ ထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၈၆၀ ကျော်ဖြင့် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

(၁၈၂)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ကျောက်တံတား မြို့နယ် (၃၆)လမ်းနေ မိခင်ကြီး ဒေါ်ဟိုင်အား အမှူးထား၍ ဦးကျော်ဝင်း-ဒေါ်ကြူကြူဝင်း မိသားစုက အလှူငွေကျပ် ၂၀၀၀၀၀နှင့် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်ရန်အတွက် ကိုးလက်မ ပတ်လည်ရွှေပြားခုနစ်ချပ် တန်ဖိုးငွေကျပ် ၁၀၅၀၀၀ နှစ်ရပ်ပေါင်းငွေကျပ် ၃၀၅၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်၊ ဦးထွန်း၊ ဦးသန်းလွင်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

ကံမမြို့နယ် သာစည်ကျေးရွာတွင် အိမ်ခြေ ၇၉ လုံး မီးလောင်ဆုံးရှုံး

မကွေးတိုင်း သရက်ခရိုင် ကံမမြို့နယ် သာစည်ကျေးရွာနေ ဦးဟန်မြင့်(၄၅)နှစ်သည် ဧပြီ ၂၄ ရက် ည ၉ နာရီခွဲတွင် ရှို့မီးကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားရာ စုစုပေါင်း အိမ် ၈၉ လုံး မီးလောင်ကျွမ်းခဲ့ပြီး လူပေါင်း ၄၇၇ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ပွားခဲ့ကြောင်းနှင့် လူနှင့်တိရစ္ဆာန်များ အသေအပျောက်မရှိကြောင်း သိရှိရသည်။

မီးလောင်ရာသို့ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူများ စုစုပေါင်း ၁၅၀ ခန့်နှင့် မီးသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ် နှစ်စီးတို့ဖြင့် ငြိမ်းသတ်ရာ ည ၁၁ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားခဲ့သည်။ မီးဘေးဒုက္ခသည်များအား ကျေးရွာဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းတို့တွင် ကယ်ဆယ်ရေးစခန်း နှစ်ခုဖွင့်လှစ်ထားရှိပြီး မီးလောင်မှုနှင့်ပတ်သက်၍ ကြို့ပင် ရဲစခန်းက ဟန်မြင့်အား (ပ)သတင်းချက်အမှတ် ၂၄/၂၀၀၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ(၄၃၆)ဖြင့် အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သောက်ရေကန်အတွင်း လူတစ်ဦး ရေနစ်သေဆုံး

သာကေတမြို့နယ် (၁/အနော်မာ)ရပ်ကွက် အနော်မာလမ်းနှင့် ဧရာဝဏ်လမ်းထောင့်ရှိ အနော်မာသောက်ရေကန်၌ ဧပြီ ၂၅ရက် နံနက် ၉နာရီတွင် လူတစ်ဦး ရေနစ်သေဆုံးနေကြောင်း သတင်းအရ အမှတ်(၁) ရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ရေနစ်သေဆုံးသူမှာ ရန်ပိုင်(၃၀)နှစ် ထူပါရုံအရှေ့(၄)လမ်း(၁/ထူပါရုံ)ရပ်ကွက် သာကေတမြို့နယ်နေသူဖြစ်ပြီး အရက်သောက်စားမူးယစ်ပြီး ညအချိန်မတော် ရေဆင်းကူးရာမှ ရေနစ်သေဆုံးခြင်းဖြစ်နိုင်သည်ဟု ပတ်ဝန်းကျင်ပြောပြချက်အရ သိရသည်။ ၎င်းအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့အပ်ရာ ပီအာရ် ဝ၈၈နှင့် အမှတ်(၁)ရဲစခန်းက သေမှုသေခင်းအမှတ် ၅/၂၀၀၈ အရ ဖွင့်လှစ်၍ ဆက်လက်စုံစမ်း ဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရည်မှန်းချက်တာဝန်(၉)ရပ်ဖြင့် ရှေ့သို့ချီတက်နေသော အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နိုင်ငံတော်ဓာတ်အားပေးစနစ် (၉)

သတင်းဆောင်းပါး-ခရမ်းစိုးမြင့်
ဓာတ်ပုံ-အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ယခုအခါ အိမ်တိုင်းလိုလို လျှပ်စစ်သုံး စက်ပစ္စည်းများကို ပိုမိုအသုံးပြုပြီး မိမိတို့၏ လူနေမှုဘဝကိုလည်း ပို၍အဆင့်မြှင့်တင်လာကြပါသည်။ လျှပ်စစ်ရရှိမှုသည် လူနေမှုဘဝကို များစွာတိုးတက် ပြောင်းလဲမှု ဖြစ်စေကြောင်း ပြည်သူအားလုံး ခံစားသိရှိလာကြသည်။

လက်ရှိအခြေအနေတွင် တည်ဆောက်ပြီး ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်နိုင်မှုသည် နွေရာသီကာလ ဆည်များ၌ ရေအမြင့် ကျဆင်းလာသည်နှင့်အမျှ ဓာတ်အားထုတ်လုပ်နိုင်မှုလည်း ကျဆင်းလာပါသည်။ ထိုအချိန်ကာလတွင်ပင် ရာသီဥတု အပူရှိန်ကြောင့် လေအေးပေးစက်များနှင့် ပန်ကာများ ပိုမိုသုံးစွဲလာသဖြင့် ဓာတ်အားသုံးစွဲလိုမှု ပမာဏမှာ မြင့်မားလာပြီး ဓာတ်အားမလုံလောက်မှု ဖြစ်ပေါ်လာပါသည်။

နိုင်ငံတော်က ပြည်သူသို့ လျှပ်စစ်ဓာတ်အား ကောင်းမွန်စွာ ပေးနိုင်ရေးအတွက် ရည်မှန်း၍ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လည်းကောင်း ရေအားလျှပ်စစ် စီမံကိန်းများကို အားစိုက်ကြိုးစား တည်ဆောက်ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းသဘာဝ နှင့် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရသည့် ပမာဏကြီးမားမှု အခြေအနေတို့ကြောင့် ရေအားလျှပ်စစ် စီမံကိန်းများကို ငါးနှစ်နှင့်အထက်ခန့် အချိန်ယူ တည်ဆောက်ကြရပါသည်။

တည်ဆောက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်းများအနက် ရွှေလီ၊ ကျိုင်းတောင်း၊ ရွှေကျင်နှင့် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းများမှာ မကြာမီနှစ်များအတွင်း ပြီးမြောက်ကာ ပြည်သူသို့ ဓာတ်အားထုတ်လုပ် ဖြန့်ဖြူး ပေးနိုင်တော့မည်ဖြစ်ပြီး ထိုစက်ရုံများမှ ဓာတ်အားများ တိုးတက်ထုတ်လုပ်နိုင်သည်နှင့် တစ်ပြိုင်နက် ပြည်သူ လူထု ဓာတ်အားသုံးစွဲခွင့် အသင့်ရရှိနေစေရေး ဦးတည်ချက်ဖြင့် အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန မှလည်း မီတာတပ်ဆင်သုံးစွဲခွင့်ပြုခြင်းလုပ်ငန်းကို စနစ်တကျ စီမံချက် ချမှတ်ကာ ပြည်နယ်နှင့် တိုင်းများတွင် မီတာများ တိုးချဲ့တပ်ဆင်ပေးနေခြင်း ဖြစ်သည်။

ဓာတ်အားရယူသုံးစွဲသူများ၏ လစဉ်ဓာတ်အားသုံးစွဲမှု ပမာဏအလိုက် ဓာတ်အားခ ကောက်ခံခြင်း လုပ်ငန်းကို အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ရပါသည်။ လက်ရှိကောက်ခံ လျက်ရှိသည့် ဓာတ်အားခ နှုန်းထားများနှင့် လျှပ်စစ်ဓာတ်အားခ ကောက်ခံသည့် စနစ်ကို တင်ပြပါမည်။

ပြည်သူများသို့မီးပေးရေးအတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လုပ်သားကြီးများ မဟာဓာတ်အားလိုင်း တည်ဆောက်သွယ်တန်းရေး လုပ်ငန်းကို ဤသို့ သက်စွန့်ဆံဖျား ဆောင်ရွက်ကြရသည် ။

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားခ နှုန်းထားများ

မြန်မာနိုင်ငံတွင် ဓာတ်အားတစ်ယူနစ်(တစ်ကီလိုဝပ်နာရီ)အတွက် ဓာတ်အားခနှုန်းထားကို အောက်ပါအတိုင်း သတ်မှတ်ကောက်ခံလျက်ရှိသည်ဟုသိရသည်-

၂၀၀၆ခုနှစ်၊ မေလ ၁ ရက်နေ့မှစ၍ စည်းကြပ်ကောက်ခံသည့် ဓာတ်အားခနှုန်းထားများ

စဉ်	ဓာတ်အားသုံးစွဲသူ အမျိုးအစားနှင့် ဓာတ်အားအမျိုးအစားများ	တစ်ယူနစ် ဓာတ်အားခနှုန်းထား
၁။	အစိုးရဌာနများ၊အိမ်သုံး၊ရုံးသုံး၊စက်မှုလက်မှုသုံး၊ယာယီသုံး၊ လမ်းမီး	၂၅ကျပ်
၂။	အများပြည်သူ(အစိုးရဝန်ထမ်း၊အငြိမ်းစားဝန်ထမ်းများ နှင့်ဘာသာ၊သာသနာ အဆောက်အအုံများ အပါအဝင်) (က) အိမ်သုံး၊အိမ်သုံးပါဝါ၊လမ်းမီး (ခ) စက်မှုလက်မှု၊စီးပွားရေးလုပ်ငန်းသုံးနှင့်ယာယီသုံး	 ၂၅ကျပ် ၅၀ကျပ်
၃။	နိုင်ငံခြားသုံးငွေဖြင့် ကောက်ခံလျက်ရှိသော လျှပ်စစ် ဓာတ်အားခ	အမေရိကန် ၈ ဆင့်

မှတ်ချက်။ ။ (မီးလင်းရေးကော်မတီများဖွဲ့စည်း၍ ဓာတ်အားဖြန့်ဖြူးနေသော ဒေသများတွင် တစ်ယူနစ် ဓာတ်အားခနှုန်းထားများကို သက်ဆိုင်ရာဒေသ အာဏာပိုင်များနှင့်ညှိနှိုင်းထားသည့် နှုန်းထား များအလိုက် ကောက်ခံလျက်ရှိပါသည်။)

လျှပ်စစ်ဓာတ်အားခ ကောက်ခံသည့်စနစ်

ဌာန၏ဝင်ငွေရှာဖွေမှု ပိုမိုစနစ်တကျရှိရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တစ်လအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချမှု၊ ဓာတ်အားခတောင်းခံမှုနှင့်ဓာတ်အားခကောက်ခံရရှိမှု တို့ကို စာရင်းတိကျမှန်ကန်စွာ ဆောင်ရွက်နိုင်ရန် ဓာတ်အားခကောက်ခံမှုစနစ်သစ်အား "လျှပ်စစ်ဓာတ်အား သုံးစွဲသူများသို့ အသိပေးချက်"အဖြစ် နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြ၍လည်းကောင်း၊ ဓာတ်အားခ ကောက်ခံသည့် ရုံးများတွင် ကြော်ငြာကပ်၍လည်းကောင်း ပြည်သူသို့ အသိပေးကာ (၁-၈-၂၀၀၆)ရက်နေ့ မှ စတင်ဆောင်ရွက်ခဲ့သည်။

လျှပ်စစ်ဓာတ်အားသုံးစွဲသူများသို့ အသိပေးချက်

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (E.S.E) နှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (Y.E.S.B) တို့ထံမှ ဓာတ်အားဝယ်ယူသုံးစွဲလျက်ရှိသော ဓာတ်အားသုံးစွဲသူများ၏ မီတာများကို တာဝန်ကျ မီတာစာရေးများက လစဉ်အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်-

၁။ လ၏ (၁)ရက်နေ့မှ (၅)ရက်နေ့အတွင်း တာဝန်ကျမီတာစာရေးများက ပြီးခဲ့သောလ၏ သုံးစွဲယူနစ် အား လာရောက်ဖတ်ပါမည်။

၂။ လ၏ (၆)ရက်နေ့မှ (၁၀)ရက်နေ့အတွင်း ဓာတ်အားခငွေတောင်းခံလွှာများပြုလုပ်ပါမည်။

၃။ လ၏ (၁၁)ရက်နေ့မှ(၁၅)ရက်နေ့အတွင်း မီတာဖတ်စာရေးများက ကျသင့်ဓာတ်အားခငွေ တောင်းခံလွှာများကို ထပ်မံလာရောက်ဝေပါမည်။

၄။ ဓာတ်အားသုံးစွဲသူများသည် ဓာတ်အားခငွေတောင်းခံလွှာများစတင်ဝေသည့်ရက်မှစ၍ ငွေတောင်းခံလွှာတွင်ပါရှိသော နောက်ဆုံးပေးဆောင်ရန် သတ်မှတ်ထားသည့်ရက်အတွင်း သက်ဆိုင်ရာမြို့နယ်များရှိ ငွေလက်ခံကောင်တာများတွင် အမြန်လာရောက်ပေးဆောင်ရပါမည်။

၅။ ဓာတ်အားခ ငွေတောင်းခံလွှာများ (၅)ကြိမ်ဝေမည့် ရက်အလိုက်နှင့် ငွေစတင် ပေးဆောင်ရမည့်ရက်၊ နောက်ဆုံးပေးဆောင်ရမည့်ရက်တို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	ဓာတ်အားခငွေ တောင်းခံလွှာများ ဝေမည့်ရက်	တောင်းခံလွှာ ဝေမည့် ရာခိုင်နှုန်း	ငွေပေးဆောင်ရမည့်ကာလ		ငွေသွင်းခွင့်ရ ရက်ပေါင်း
			စတင်ပေးဆောင် ရမည့်ရက်	နောက်ဆုံးပေး ဆောင်ရမည့်ရက်	
၁။	၁၁ ရက်	၁၆ ရာခိုင်နှုန်း	၁၁ ရက်	၁၇ ရက်	၇ ရက်
၂။	၁၂ ရက်	၁၈ ရာခိုင်နှုန်း	၁၂ ရက်	၁၉ ရက်	၈ ရက်
၃။	၁၃ ရက်	၂၀ ရာခိုင်နှုန်း	၁၃ ရက်	၂၁ ရက်	၉ ရက်
၄။	၁၄ ရက်	၂၂ ရာခိုင်နှုန်း	၁၄ ရက်	၂၃ ရက်	၁၀ရက်
၅။	၁၅ ရက်	၂၄ ရာခိုင်နှုန်း	၁၅ ရက်	၂၅ ရက်	၁၁ရက်

၆။ ငွေသွင်းရန်သတ်မှတ်ထားသည့် (၁၁)ရက်မှ (၂၅)ရက်အတွင်း ငွေလက်ခံကောင်တာများကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအတွင်း ဖွင့်ထားမည်ဖြစ်ပြီး ငွေသွင်းရန်ပျက်ကွက်သူများသည် ဓာတ်အားဖြတ်တောက်မှု ခံရပါမည်။

၇။ သို့ဖြစ်ပါ၍ ဓာတ်အားသုံးစွဲသူများသည် ရုံးပိတ်ရက်များအပါအဝင် လ၏ (၁)ရက်နေ့မှ (၅)ရက်နေ့ အတွင်းမီတာများ အလွယ်တကူဖတ်ရှုနိုင်ရေး၊ လ၏ (၁၁)ရက်နေ့မှ (၁၅)ရက်နေ့အတွင်း ငွေတောင်း ခံလွှာများ လာရောက်ပေးဝေမှုကို လက်ခံရယူနိုင်ရေး ဝိုင်းဝန်းကူညီကြပါရန်နှင့် ကျသင့်သော ဓာတ်အားခငွေများကို သတ်မှတ်ရက်အတွင်း အချိန်မီ ပေးသွင်းကြပါရန် အသိပေးအပ်ပါသည်။

၈။ အထက်ပါဆောင်ရွက်ချက်များကို ဖော်ပြပါအစီအစဉ်အတိုင်း လစဉ်ဆောင်ရွက်သွားပါမည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

စာမျက်နှာ ၇ ကော်လံ ၁ သို့

❒ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ထိုအစီအစဉ်အရ လစဉ် မီတာဖတ်ခြင်း၊ ဘီလ်ထုတ်ခြင်း၊ စာရင်းသွင်းခြင်း၊ နောက်ဆုံးနေ့ သတ်မှတ်၍ ဘီလ်ဝေခြင်းနှင့် ငွေလက်ခံခြင်း လုပ်ငန်းစဉ်တို့အား အောက်ပါဇယားပုံများဖြင့် ပူးတွဲဖော်ပြထားသည်။

လစဉ် မီတာဖတ်ခြင်း၊ ဘီလ်ထုတ်ခြင်း၊ စာရင်းသွင်းခြင်း၊ Last Date သတ်မှတ်၍ ဘီလ်ဝေခြင်း၊ ငွေလက်ခံခြင်း လုပ်ငန်းစဉ်



၁-မီတာဖတ်စာရေး/၁-လက်ထောက်ကြီးကြပ်ရေးမှူး(မီတာ)
(၁)ဦးတာဝန်ယူရမည့် မီတာအရေအတွက်

ရန်ကုန်	ကျား -၁၀၀၀လုံး	မ - ၈၀၀လုံး
နယ်(မြေပြန့်)	ကျား - ၈၀၀လုံး	မ - ၇၀၀လုံး
နယ်(တောင်ပေါ်)	ကျား - ၇၀၀လုံး	မ - ၆၀၀လုံး

၁-မီတာဖတ်စာရေး/၁-လက်ထောက်ကြီးကြပ်ရေးမှူး(မီတာ) (၁၀)ဦးရှိလျှင် ပ-မီတာဖတ်စာရေး/လက်ထောက်ကြီးကြပ်ရေးမှူး(မီတာ) (၁)ဦး ခန့်ရမည်။

ရန်ကုန် - ၁-မီတာဖတ်စာရေး (၄)ဦးရှိလျှင် - စာရင်းကိုင် - ၃ (၃)ဦးရှိရမည်။

နယ် - ၁-လက်ထောက်ကြီးကြပ်ရေးမှူး(မီတာ) (၃)ဦးရှိလျှင် - စာရင်းကိုင် - ၄ (၂)ဦးရှိရမည်။



တစ်လတာ ဓာတ်အားဖြန့်ဖြူးပြီး နောက်လ လဆန်း (၁၁)ရက်နေ့မှသာ ဓာတ်အားခကျသင့်ငွေကို ဓာတ်အားသုံးစွဲသူများက စတင်ပေးဆောင်ရသည့်အတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် ဓာတ်အားသုံးစွဲသူများအား ရက် ၄၀ စာ ဓာတ်အားကို အကြွေးစနစ်ဖြင့် ကြိုတင်၍သုံးစွဲခွင့်ပေးထားရသည့်သဘောဖြစ်ကြောင်းတွေ့ရှိရသည်။

ဓာတ်အားသုံးစွဲသူများကလည်း ပေးဆောင်ရမည့် ဓာတ်အားခကို မှန်မှန်ကန်ကန် ပေးဆောင်ခြင်းဖြင့် ဌာနဆိုင်ရာမှ ဓာတ်အားသုံးစွဲသူများအတွက် ပိုမိုကောင်းမွန်သည့် ဓာတ်အားဖြန့်ဖြူးသည့် စနစ်ကို ပြုပြင်တိုးချဲ့တည်ဆောက်ပေးနိုင်သော ဝန်ဆောင်မှုစနစ်ကို ပုံဖော်လာနိုင်မည်ဟုဆိုသည်။



ရွှေတောင်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

ဓာတ်အားဝယ်ယူ ဖြန့်ဖြူးမှုအခြေအနေ

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကြီးများမှ ကိုယ်တိုင်ဓာတ်အားထုတ်လုပ်၍လည်းကောင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ရေအားလျှပ်စစ်စက်ရုံများမှ ထုတ်လုပ်သည့် ဓာတ်အားကို ဓာတ်အားတစ်ယူနစ်(တစ်ကီလိုဝပ်နာရီ)လျှင် ငွေကျပ်၂၀ နှုန်းဖြင့် ဝယ်ယူ၍လည်းကောင်း ပြည်သူလူထုသို့ ဓာတ်အားပြန်လည်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထုတ်လုပ်သမျှဓာတ်အားကို ဓာတ်အားသုံးစွဲသူထံသို့အရောက် ဖြန့်ဖြူးရာတွင် မဟာဓာတ်အားလိုင်း မိုင်ရာပေါင်းများစွာနှင့် ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများ၊ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများကို ဖြတ်သန်းသယ်ပို့ရာတွင် နည်းပညာဆိုင်ရာ ဓာတ်အားပျောက်ဆုံးမှု(Technical Losses) မလွှဲမရှောင်သာ ဖြစ်ပေါ်ပါသည်။ ထိုဓာတ်အားပျောက်ဆုံးမှုကို အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ကျခံရသည်ဟုဆိုသည်။

ဓာတ်အားရောင်းချသည့်ဓာတ်အားခနှုန်းမှာ အများပြည်သူသို့ ၂၅ ကျပ်နှင့် စက်မှုနှင့်စီးပွားရေးလုပ်ငန်းများသို့ ကျပ် ၅၀ဖြစ်၍ စီးပွားရေးအရ ဆောင်ရွက်နေခြင်း မဟုတ်ဘဲ ပြည်သူလူထု၏ လူနေမှုဘဝ အဆင်ပြေရေးနှင့် စီးပွားရေးလုပ်ငန်းများ ရှင်သန်ရေးတို့အတွက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အဓိကထား ဆောင်ရွက်ပေးနေခြင်း ဖြစ်သည်ဟု သိရသည်။

ဓာတ်အားစနစ်မှ တိုက်ရိုက်ဓာတ်အားပေးနိုင်ခြင်း မရှိသေးသော ဒေသများရှိ ပြည်သူလူထုအတွက် ဒီဇယ်ဆီသုံး ဓာတ်အားပေးစက်များဖြင့် ဓာတ်အားထုတ်လုပ် ရောင်းချပေးရာတွင်လည်း ဝန်ထမ်းလစာ၊ အင်ဂျင်ဝိုင်ဖိုး၊ စက်တန်ဖိုး၊ စက်ပြင်စရိတ်များအား ထည့်သွင်းမစဉ်းစားဘဲ ဒီဇယ်ဆီအသုံးပြုရမှု ကုန်ကျစရိတ်၊ ဓာတ်အားထွက်ရှိမှုနှင့် ဓာတ်အားရောင်းဈေးတို့ကို အောက်ပါအတိုင်း နှိုင်းယှဉ်တွေ့ရှိနိုင်ပါသည်-

ဒီဇယ်တစ်ဂါလန်ဈေးနှုန်း	-	**၃၀၀၀ ကျပ်**
တစ်ဂါလန်လျှင်ဓာတ်အားထုတ်လုပ်နိုင်မှု	-	**၁၀ယူနစ်(စက်အသစ်ဖြစ်လျှင်)**
ဓာတ်အားတစ်ယူနစ်ထုတ်ရန်ဒီဇယ်ဆီဖိုး	-	**၃၀၀ ကျပ်**
ဓာတ်အားတစ်ယူနစ်ရောင်းဈေး	-	**၂၅ ကျပ်**
တစ်ယူနစ်ထုတ်တိုင်းဆီဖိုးအပေါ်အရှုံး	-	**၂၇၅ ကျပ်**

မိမိနိုင်ငံရှိ ဝေးလံသည့်ဒေသမှ ပြည်သူများ လျှပ်စစ်ဓာတ်အားရရှိနိုင်ရန် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် စီစဉ်ဆောင်ရွက်ပေးသည့် နိုင်ငံတော်အစိုးရ၏ စေတနာမှာ စီးပွားရေး တွက်ခြေကိုက်မှုကို ရှေ့တန်းတင်မှု မရှိဘဲ နယ်မြေဒေသ တိုးတက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု နောက်မကျ စေရေးတို့အတွက် ပဓာနထားကာ ဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဓာတ်အားစနစ်မှ အလှမ်းကွာဝေးသည့် ဒေသများ၌ ဒေသခံပြည်သူလူထုက ကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့်လည်းကောင်း၊ မီးလင်းရေးကော်မတီများ ဖွဲ့စည်း ဆောင်ရွက်၍လည်းကောင်း ဒေသတွင် လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရေး ဆောင်ရွက်ထားရှိမှုများကို ဆက်လက်တင်ပြသွားမည် ဖြစ်ပါသည်။ ။

ထူးခြားသည့် နေ့အပူချိန်များ

(၂၅-၄-၂၀၀၈)

ချောက်

၄၅ ဒီဂရီစင်တီဂရိတ် (၁၁၃ ဒီဂရီဖာရင်ဟိုက်)

မင်းဘူး

၄၄ ဒီဂရီစင်တီဂရိတ် (၁၁၂ ဒီဂရီဖာရင်ဟိုက်)

မကွေး

၄၃ ဒီဂရီစင်တီဂရိတ် (၁၀၉ ဒီဂရီဖာရင်ဟိုက်)

နေပြည်တော်၊ မိတ္ထီလာ၊ မြင်းခြံနှင့် အောင်လံ

၄၂ ဒီဂရီစင်တီဂရိတ်စီ (၁၀၇ ဒီဂရီဖာရင်ဟိုက်စီ)

ရန်ကုန်

၃၄ ဒသမ ၈၀ ဒီဂရီစင်တီဂရိတ် (၉၅ ဒီဂရီဖာရင်ဟိုက်)

● ဒီမိုကရေစီထွန်းကားရေး အခြေခံဥပဒေ အတည်ပြုပေး။

ပြည်သူတွေလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကိုဖော်ဆောင်ဖို့ အခြေခံလိုအပ်ချက်တွေကို တည်ဆောက်ပေးခြင်းဖြင့် ပြည်သူလူထုရဲ့ဆန္ဒကို မှန်မှန်ကန်ကန် ဖော်ဆောင်ပေးနေ

✦ ရွှေဖုံးမှ

ရဲဘော်တို့-

ယနေ့ဟာ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၁)ရဲ့ သင်တန်းဆင်းတဲ့နေ့ ဖြစ်တယ်။

ဒီသင်တန်းမှာ ဥပဒေဘွဲ့၊ စီးပွားရေးဘွဲ့နဲ့ စိုက်ပျိုးရေးဘွဲ့ စသဖြင့် တပ်မတော်အတွက် လိုအပ်တဲ့ဘွဲ့ရ တိုက်ရိုက်ဗိုလ်လောင်းများ၊ တပ်တွင်းက ဘွဲ့ရ စစ်မှုထမ်း ဗိုလ်လောင်းများနဲ့အတူ သတ်မှတ်အရည်အချင်းနဲ့ ကိုက်ညီတဲ့ စစ်မှုထမ်း ဗိုလ်လောင်းအချို့ ပါဝင်တက်ရောက်ခဲ့ကြတာဖြစ်တယ်။ ရဲဘော်တို့ဟာ **တပ်မတော်(ကြည်း)တွင် စွမ်းရည်ပြည့်ဝသော အရာရှိများ ဖြစ်ပေါ်လာစေရန်နှင့် ခြေလျင်တပ်စုတစ်စုအား ပိုင်နိုင်စွာ ဦးစီးကွပ်ကဲ၍ စစ်မြေပြင်တွင် တိုက်ပွဲဝင်နိုင်ရန်**ဆိုတဲ့ သင်တန်းရဲ့ ရည်ရွယ်ချက်နဲ့အညီ အောင်မြင်စွာ သင်ကြားလေ့ကျင့်ခဲ့ကြပြီးဖြစ်တဲ့အတွက် တပ်မတော်မှာ ပြန်တမ်းဝင် အရာရှိများအဖြစ် ခန့်အပ်ခြင်းကို ခံကြရတော့မှာဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ သိသင့်သိထိုက်တာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့-

ဒို့တပ်မတော်သားတွေဟာ တပ်မတော်ရဲ့ အစဉ်အလာ(၁၂)ရပ်ကို လက်ဆင့်ကမ်း သယ်ပိုးနိုင်ခဲ့ကြတာကြောင့် တပ်မတော်ဟာ ဂုဏ်သိက္ခာရှိစွာနဲ့ ခိုင်ခိုင်မာမာ ရပ်တည်နိုင်တာဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ မျိုးချစ်တပ်မတော်ဖြစ်ခြင်း၊ စည်းကမ်းကောင်းသော တပ်မတော်ဖြစ်ခြင်း၊ သစ္စာရှိသော တပ်မတော်ဖြစ်ခြင်း၊ စည်းလုံးညီညွတ်သော တပ်မတော်ဖြစ်ခြင်း၊ စွမ်းရည်ရှိသော တပ်မတော်ဖြစ်ခြင်းစတဲ့ တပ်မတော်ရဲ့ အစဉ်အလာ(၁၂)ရပ်ကို အသက်ပေး စောင့်ထိန်းကြဖို့ ဦးစွာပထမမှာကြားလိုတယ်။ တပ်မတော်ရဲ့ အစဉ်အလာတွေကို စောင့်ထိန်းနိုင်ဖို့အတွက် တပ်တိုင်း၊ ရဲဘော်တိုင်းဟာ စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊စည်းလုံးမှု၊ စွမ်းရည်သုံးရပ် ပြည့်စုံမှုဆိုတဲ့ **အခြေခံအရည်အချင်း ငါးပါး**နဲ့ ပြည့်စုံကြရမယ်။

ဒ့ါအပြင် သစ္စာစောင့်သိမှု၊ အမိန့်နာခံတတ်မှု၊ စိတ်ဓာတ်ခိုင်မာမှုနှင့် ဇွဲသတ္တိပြည့်ဝမှု၊ စစ်စည်းကမ်းကောင်းမွန်မှု၊ လေ့ကျင့်သားပြည့်ဝမှု၊ တိုက်ရည်ခိုက်ရည်ပြည့်ဝမှု၊ ကျန်းမာကြံ့ခိုင်မှု၊ အချင်းချင်း ရဲဘော်စိတ်ထားရှိမှု၊ စွန့်လွှတ်စွန့်စားမှု၊ သန္နိဋ္ဌာန်စိတ်ဖြင့် ရည်မှန်းချက်ပြီးမြောက်အောင် ဆောင်ရွက်မှုစတဲ့ **တပ်မတော်အားဆယ်ပါး**နဲ့ ပြည့်စုံမှုလဲ ရဲဘော်တို့ဟာ တပ်မတော်ရဲ့ အဓိကတာဝန်ကြီး(၃)ရပ်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့-

တပ်မတော်ရဲ့ အဓိကတာဝန်ကြီး(၃)ရပ်ကတော့ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်း တာဝန်တို့ပဲ ဖြစ်တယ်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်နဲ့ ပတ်သက်လို့ ပြောကြားရရင် စစ်ရေးဆိုတာဟာ နိုင်ငံရေးရဲ့ အဆက်ဖြစ်တဲ့အတွက် တပ်မတော်သားတွေဟာ နိုင်ငံရေးအမြင်ရှိကြဖို့ လိုတယ်။ ထို့အတူပဲ နိုင်ငံရေးနဲ့ စီးပွားရေးဟာ အပြန်အလှန်အားဖြင့် ဆက်နွှယ်မှုရှိနေတဲ့အတွက် စီးပွားရေးအမြင်လဲ ရှိရမယ်။ ဒ့ါအပြင် နိုင်ငံတစ်နိုင်ငံမှာ အုပ်ချုပ်ရေးစနစ် ယိုယွင်းရင် နိုင်ငံရေးနဲ့ စီးပွားရေးစနစ်တွေ ပြိုလဲတတ်တာကြောင့် အုပ်ချုပ်ရေးအမြင်လဲ ရှိရမယ်။ နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်နဲ့ အုပ်ချုပ်ရေးအမြင်တို့ကို ပေါင်းရုံးသုံးသပ်ပြီးမှ ကာကွယ်ရေးအမြင်ကို ကောက်ချက်ဆွဲရတာဖြစ်တယ်။ ဒီအမြင် (၄)မြင်ကို တပ်မတော်သားတိုင်းမှာ ရှိဖို့လိုအပ်တဲ့အတွက် အဆင့်နဲ့လျော်ညီစွာ ရှုမြင်သုံးသပ်တတ်အောင် ကြိုးစားကြဖို့ မှာကြားလိုတယ်။

လေ့ကျင့်ရေးတာဝန်နဲ့ ပတ်သက်ပြီး ဆက်လက်ပြောကြားရရင် လေ့ကျင့်ရေးဆိုတာဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ကြသူတွေမှာ မရှိမဖြစ်လိုအပ်တဲ့ ကျွမ်းကျင်မှုနဲ့ မိမိကိုယ်မိမိ ယုံကြည်မှုတို့ကို ပေးစွမ်းနိုင်တဲ့ တစ်ခုတည်းသော အကြောင်းတရားဖြစ်တယ်။ ယခုဆိုရင် ရဲဘော်တို့ဟာ သင်တန်းကျောင်းမှာ ပုံသေနည်းနဲ့ လေ့ကျင့်ခဲ့ကြပြီးပြီဖြစ်လို့ မြေပြင်မှာ အခြေအနေ အမျိုးမျိုးကို ရင်ဆိုင်ပြီး လုပ်ငန်းခွင်အတွင်း လေ့ကျင့်ကြရဦးမှာ ဖြစ်တယ်။ လေ့ကျင့်ရေးဆိုတာ **တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄) ရပ်** ရဲ့ ပထမအချက်ဖြစ်တဲ့အတွက် မိမိကိုယ်တိုင် လေ့ကျင့်ရေးနဲ့ ကွပ်ကဲမှုအောက် တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမယ်။ ဒါမှသာ ရဲဘော်တို့ဟာ အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်း စစ်ရေးသတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင် အသင့်ဖြစ်ရမည်ဆိုတဲ့ **မြဲသုံးမြဲ**နဲ့ ပြည့်စုံကြမှာ ဖြစ်တယ်။

ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်နဲ့ ပတ်သက်လို့ ပြောကြားရရင် **တပ်မတော်သည် ပြည်သူ့အတွက်** ဆိုတာကို စွဲစွဲမြဲမြဲ ခံယူထားကြရမယ်။ ထို့အတူပဲ ပြည်သူလူထုအပေါ် သစ္စာစောင့်သိ ရိုသေပါ၊ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ပါ၊ ပြည်သူလူထု၏ အကျိုးစီးပွားကို အစဉ်ဦးထိပ်ထားပါစတဲ့ ပြည်သူလူထုအပေါ် ပြုကျင့်ရမယ့် ကျင့်ဝတ် (၁၀)ပါးကို တိတိကျကျ စောင့်ထိန်းကြရမယ်။ ယနေ့တပ်မတော်ဟာ နိုင်ငံတော်တာဝန်ကို ယူလိုက်ရတဲ့အခါမှာ တိုင်းကျိုးပြည်ပြု လုပ်ငန်းတွေကို ကွက်လပ်မကျန်ဆောင်ရွက်နေခြင်းဟာ ပြည်သူလူထုရဲ့ အကျိုးစီးပွား

ကို ဦးထိပ်ထားပြီး ဆောင်ရွက်နေခြင်းပဲဖြစ်တယ်။ ပြည်သူတွေလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ဖို့ အခြေခံလိုအပ်ချက်တွေကို တည်ဆောက်ပေးခြင်းဖြင့် ပြည်သူလူထုရဲ့ ဆန္ဒကို မှန်မှန်ကန်ကန် ဖော်ဆောင်ပေးနေခြင်းလဲ ဖြစ်တယ်။ တစ်နည်းအားဖြင့် နိုင်ငံတော်မှာ ခေတ်စနစ်နဲ့ ကိုက်ညီတဲ့ အခြေအနေအရပ်ရပ်ကို ပြုပြင်ပြောင်းလဲတည်ဆောက်ပေးနေရင်း အခြားတစ်ဖက်ကလဲ နိုင်ငံတော်လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကျော်ရှိတဲ့ ကျေးလက်နေ တောင်သူလယ်သမားတွေရဲ့ဘဝ မြင့်မားရေးကို အဓိကဦးတည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေခြင်းဖြစ်တယ်။

ဒီလိုဆောင်ရွက်ရာမှာ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး (၂၄)ခု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းစတဲ့ စီမံကိန်းကြီး (၃)ရပ်နဲ့ ကွက်လပ်မကျန်ရအောင် ဆောင်ရွက်နေခြင်းဖြစ်တယ်။ ရဲဘော်တို့အနေနဲ့ ဒီစီမံကိန်းကြီး (၃)ရပ်မှာ ကျရာကဏ္ဍက အင်တိုက်အားတိုက် ပါဝင်ထမ်းဆောင်ကြဖို့နဲ့ အထူးသဖြင့် ရောက်ရာဒေသမှာ တွေ့ရတဲ့ ပြည်သူကို ကိုယ့်မိဘအရင်းအချာပမာ သဘောထားပြီး အကျိုးပြုကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့-

ပြည်သူတွေရဲ့ ရင်နှစ်သည်းခြာဖြစ်တဲ့ ရဲဘော်တို့ကို မိဘပြည်သူတွေက ချစ်ခင်ရင်းစွဲရှိပြီးသားဖြစ်တယ်။ ရဲဘော်တို့အနေနဲ့က စစ်သည်တော်ကျင့်ဝတ်ကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာ စောင့်ထိန်းရမယ်။ စစ်စည်းကမ်းကို တိတိကျကျ လိုက်နာရမယ်။ ဒါဆိုရင် တွေ့ရဆုံရတဲ့ ပြည်သူတွေဟာ ရဲဘော်တို့အပေါ် သံယောဇဉ်တရား ပိုမိုကြီးမားလာလိမ့်မယ်။

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၁) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

ချီတက်အလေးပြု

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေ... ချီတက်အလေးပြုကြစဉ်။

ဒို့တပ်မတော်သားဆိုတာဟာ နယ်ဘက်ဥပဒေရော၊ စစ်ဘက်ဥပဒေပါ လိုက်နာရတယ်။ လက်နက်ကိုင် အဖွဲ့အစည်းဖြစ်တဲ့ တပ်မတော်ဟာ စည်းကမ်းသာမရှိရင် ပရမ်းပတာနဲ့ ပျက်စီးသွားမှာဖြစ်တယ်။စည်းကမ်းဟာ တပ်မတော်ရဲ့ အသက်ခန္ဓာဖြစ်တယ်။ ဒါကြောင့်ရဲဘော်တို့ဟာ စည်းကမ်းအရာမှာ စံနမူနာပြ နေထိုင်ခြင်းဖြင့် တပ်မတော်ရဲ့အစဉ်အလာကို စောင့်ထိန်းနိုင်တဲ့အပြင် ပြည်သူတွေရဲ့ တစ်ခဲနက်အားပေးထောက်ခံမှုကိုလဲ ရရှိမှာဖြစ်တယ်။ ထို့အတူပဲ လက်အောက်ငယ်သားများအပေါ် ခေါင်းဆောင်မှုကိုလဲ တစ်စိတ်တစ်ပိုင်းအားဖြင့် ရရှိမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့-

ခေါင်းဆောင်ငယ်များအဖြစ် ခန့်အပ်ခြင်းခံကြရတော့မယ့် ရဲဘော်တို့ဟာ စည်းကမ်းအရာမှာ စံနမူနာပြ ဖြစ်ရမည်၊ တပ်၏ ကောင်းရာကောင်းကျိုးအတွက် အစဉ်ကြိုးပမ်းဆောင်ရွက်လိုစိတ် ရှိရမည်၊ အခွင့်အရေးနှင့် ယှဉ်လာလျှင် မိမိက အမြဲအနစ်နာခံတတ်ရမည်၊ တပ်မှူးကောင်းစိတ်ဓာတ်နှင့် မိဘသဖွယ် စိတ်ဓာတ်ရှိရမည်၊ သတ္တိ၊ ဗျတ္တိရှိရမည် စတဲ့ ခေါင်းဆောင်မှု အင်္ဂါရပ်တွေနဲ့ ပြည့်စုံအောင် ဦးစွာကြိုးပမ်းရမယ်။ ထို့အတူပဲ အကြီးအကဲများအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် (၁၀)ပါး၊ လက်အောက်ငယ်သားများအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်(၅)ပါး၊ အခြားရဲဘော်များအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် (၁၀)ပါးတို့ကိုလဲ ကျေပွန်ရမယ်။ ဒ့ါအပြင် စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံမှုလဲ လက်အောက်ငယ်သားများရဲ့ အားထားယုံကြည်မှုကို ရရှိမှာဖြစ်တယ်။ ဒါတွေဟာခေါင်းဆောင်မှု သဘောတရားရဲ့ အခြေခံတွေ

ဖြစ်ပြီး အဆင့်နဲ့လျော်ညီတဲ့ ကြီးကြပ်မှုနဲ့...
လေ့လာဆည်းပူးရမယ်။ ဒါကြောင့် ရဲဘော...
ခြေလျင်တပ်ခွဲမှူးသင်တန်း၊ ခြေလျင်တ...
အလိုက် ဆင့်ကဲသင်တန်းတွေမှာ လေ့...
ခေါင်းဆောင်မှုဆိုတာ ကိုယ်တိုင်တည်...
ခေါင်းဆောင်ကောင်းများဖြစ်အောင်...
မှာကြား လိုတယ်။ ဒါမှသာ ရဲဘော်တို့ဟ...
အားထား လောက်တဲ့ သားကောင်းရတ...

ရဲဘော်တို့-

တပ်မတော်ဟာ နိုင်ငံတော်မှာ ပါ...
မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရ...
ကြိုးပမ်းလျက်ရှိတယ်။ ဒါကြောင့် နိုင်...
ကောက်ပွဲမှာ ရွေးချယ်ခံထားရတဲ့ ကိုယ်...
ဝင်ရောက်ခဲ့ပြီးဖြစ်တဲ့အဖွဲ့အစည်းများ...
အတွင်းမှာရှိတဲ့ မြို့နယ်တိုင်းက တိုင်းရ...
အဖွဲ့ (၈)ဖွဲ့ ပါဝင်တဲ့ ကိုယ်စားလှယ်...
ညီလာခံကြီးကို ကျင်းပပေးခဲ့တယ်။ အမျိ...
တွေ စုပေါင်းတိုင်ပင်ညှိနှိုင်းပြီး ချမှတ်...

**တပ်မတော်(ကြည်း) ဗိုလ်...
သို့ တက်ရောက်လာကြသူများအား ...**

❖ ကျောဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်တင်စိုး၊ ဗိုလ်မှူးကြီးကျော်ညွန့်၊ ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ ဗိုလ်ချုပ်သန်းဌေး၊ ဗိုလ်ချုပ်စိန်လင်း၊ ကလော တပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဖြိုး၊ ဗထူးတပ်နယ်မှူးနှင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးပြီးနောက် ဗိုလ်လောင်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၁)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ်(၂၃) ဗိုလ်လောင်း သန့်စင်ကျော်အား ငွေဓားဆုကို ချီးမြှင့်သည်။

မိန့်ခွန်းပြောကြား

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စစ်ရေးပြကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ဗိုလ်လောင်းတပ်ခွဲများအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

က်အလေးပြု

းချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးအား ဗိုလ်လောင်းတပ်ခွဲများက (သတင်းစဉ်)

ဖြစ်ပြီး အဆင့်နဲ့လျော်ညီတဲ့ ကြိုးကြပ်မှုနဲ့ ကွပ်ကဲမှုကောင်းအောင် ဆက်လက်လေ့လာဆည်းပူးရမယ်။ ဒါကြောင့် ရဲဘော်တို့ကို ခြေလျင်တပ်စုမှူးသင်တန်း၊ ခြေလျင်တပ်ခွဲမှူးသင်တန်း၊ ခြေလျင်တပ်ရင်းမှူးသင်တန်း စသဖြင့် အဆင့်အလိုက် ဆင့်ကဲသင်တန်းတွေမှာ လေ့ကျင့်ပေးဦးမှာဖြစ်တယ်။ သို့သော်လဲ ခေါင်းဆောင်မှုဆိုတာ ကိုယ်တိုင်တည်ဆောက်ယူရတာ ဖြစ်တဲ့အတွက် ခေါင်းဆောင်ကောင်းများဖြစ်အောင် မိမိကိုယ်မိမိ တည်ဆောက်ကြဖို့ မှာကြား လိုတယ်။ ဒါမှသာ ရဲဘော်တို့ဟာ နိုင်ငံတော်နဲ့ တပ်မတော်အတွက် အားထား လောက်တဲ့ သားကောင်းရတနာတွေ ဖြစ်လာကြမှာဖြစ်တယ်။

ရဲဘော်တို့-

တပ်မတော်ဟာ နိုင်ငံတော်မှာ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ပေါ်ထွန်းလာရေးကို အစဉ်တစိုက် ကြိုးပမ်းလျက်ရှိတယ်။ ဒါကြောင့် နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲမှာ ရွေးချယ်ခံထားရတဲ့ ကိုယ်စားလှယ်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီးဖြစ်တဲ့အဖွဲ့အစည်းများက ကိုယ်စားလှယ်များ၊ နိုင်ငံတော်အတွင်းမှာရှိတဲ့ မြို့နယ်တိုင်းက တိုင်းရင်းသားကိုယ်စားလှယ်များ စတဲ့ အစုအဖွဲ့ (၈)ဖွဲ့ ပါဝင်တဲ့ ကိုယ်စားလှယ်တော် တစ်ထောင်ကျော်နဲ့ အမျိုးသားညီလာခံကြီးကို ကျင်းပပေးခဲ့တယ်။ အမျိုးသားညီလာခံကြီးမှာ တိုင်းရင်းသားတွေ စုပေါင်းတိုင်ပင်ညှိနှိုင်းပြီး ချမှတ်ခဲ့တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများအရ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)ကို ကော်မရှင်ဖွဲ့စည်းပြီး ရေးဆွဲစေခဲ့တယ်။ ရေးဆွဲပြီးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကိုလဲ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်က လာမယ့် မေလ ၁၀ ရက်နေ့မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို စနစ်တကျ မှန်ကန်စွာ ကျင်းပပေးတော့မှာဖြစ်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြီးရင် နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်ဟာ ပြီးမြောက်အောင်မြင်ဖို့ လွန်စွာ နီးကပ်သွားပြီဖြစ်တယ်။

တပ်မတော်က နိုင်ငံတော်အာဏာ လွှဲပြောင်းရေးကို စနစ်တကျ ဆောင်ရွက်နေရာမှာ သဘောထားမညီမျှတဲ့ ပြည်တွင်း၊ ပြည်ပ ပုဂ္ဂိုလ်အနည်းငယ်က ဖျက်လိုဖျက်ဆီးဆောင်ရွက်လျက်ရှိကြတယ်။ သို့သော်လဲ တပ်မတော် ဟာ ပြည်သူ့ဆန္ဒကို ဦးထိပ်ပန်ဆင်သွားမှာ ဖြစ်ကြောင်းနဲ့ အဖျက်အန္တရာယ် မှန်သမျှကို ပြည်သူနဲ့လက်တွဲပြီး တွန်းလှန်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့-

နိဂုံးချုပ်အားဖြင့် ပြောကြားရရင်-

- **တပ်မတော်ရဲ့အစဉ်အလာ(၁၂)ရပ်ကို အသက်ပေးစောင့်ထိန်းကြပါ။**
- **တပ်မတော်ရဲ့ အဓိကတာဝန်ကြီး(၃)ရပ်ကို ကျေပွန်စွာ ထမ်းဆောင်ကြပါ။**
- **နယ်ဘက်ဥပဒေ၊ စစ်ဘက်ဥပဒေတို့ကို လေးစားလိုက်နာပြီး စစ်သည်တော်ကျင့်ဝတ်ကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာစောင့်ထိန်းကြပါ။**
- **နိုင်ငံတော်နဲ့ တပ်မတော်အတွက် အားထားရတဲ့ သားကောင်းရတနာများဖြစ်အောင် ကြိုးပမ်းအားထုတ်ကြပါ**

လို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၁) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆-၄-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်၏ ဥပ္ပါတသန္တိပါဠိတော်

၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈း၀၀ ၅။ Eternat Festival
၈း၄၅ ၆။ International News
၉း၀၀ ၇။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၁း၂၅ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၁း၅၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၂၀ ၅။ အတည်ပြုကြစို့အခြေခံဥပဒေ
၁၂း၃၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စစ်သူကြီးဆွန်ကြီး" (အပိုင်း-၁၈)**
၁း၃၀ ၇။ **"သာယာရွှေပြည် တို့နေပြည်" (ဖြိုးငွေစိုး၊ အောင်ရဲလင်း၊ ဇင်ဇင်ဇော်မြင့်၊ မေခ့စ်၊ ဗေလုဝ၊ ရှက်တယ်) (ဒါရိုက်တာ-စင်ရော်မောင်မောင်)**
၁း၄၅ ၈။ International News
၉း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ
- ပထမနှစ် (ရူပဗေဒ၊ဓာတုဗေဒ၊သင်္ချာ အထူးပြုများ) (ရူပဗေဒ)

၄း၃၀ ၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၄၀ ၄။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၅း၀၀ ၅။ ချစ်စရာ့အရွယ် ကစားကြမယ်
၅း၂၅ ၆။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆း၀၀ ၇။ ညနေခင်းသတင်း
၆း၃၀ ၈။ မိုးလေဝသအခြေအနေ
၆း၃၅ ၉။ အလှူရှာမယ်၊ လှူကမ္ဘာဝယ်
၆း၅၅ ၁၀။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ "အောင်ပန်းမြို့မှ မက်မွန်နှင့်မက်မန်း"
၇း၀၅ ၁၁။ ရောဝတီအလှတစ်ပါး ရတနာပုံတံတား
၇း၃၀ ၁၂။ "စိတ်အားထက်သန်ဆန္ဒအမှန်"
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ "ရှိတာက ပိုကောင်းပါတယ်"
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာထောင်ချောက်" (အပိုင်း-၁၇)**
၁၈။ အစီအစဉ်ပြီး၏။

တရုတ်နိုင်ငံ ဇီကျန်ပြည်နယ် ဇူဂျီရှိပုလဲထုတ်လုပ်ရေးစခန်းတွင် ရေချို မွေးမြူရေး ပုလဲများအား ဧပြီ ၂၃ ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရန်သမ္မတ အိန္ဒိယသို့ သွားမည့်အစီအစဉ်နှင့် ပတ်သက်၍ အမေရိကန်၏ အကြံပေးမှုကို အိန္ဒိယ လက်မခံ၊ ပယ်ချ

နယူးဒေလီ ဧပြီ ၂၄

အီရန်သမ္မတ အာမက်ဒီနီဂျက်က ဧပြီ ၂၉ ရက်တွင် အိန္ဒိယနိုင်ငံသို့ သွားရောက်မည့် အစီအစဉ်နှင့် ပတ်သက်၍ အမေရိကန်၏ အကြံဉာဏ်ပေးမှုကို အိန္ဒိယက ပယ်ချလိုက်ပြီး အိန္ဒိယအနေဖြင့် ယင်းကိစ္စကို လမ်းညွှန်မှုမလိုအပ်ဘဲ ဆောင်ရွက်နိုင်ကြောင်း ပြောကြားသည်ဟု ဟိန္ဒူသတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားလိုက်သည်။

နှစ်နိုင်ငံစလုံးအနေဖြင့် သင့်တင့်လျောက်ပတ်သည့် အလေးထားမှု၊ သတိရှိမှုအပေါ်အခြေခံ၍ အပြည့်အဝ စီမံခန့်ခွဲပြီး ဆက်ဆံနိုင်စွမ်းရှိကြောင်း၊ ဒေသတွင်းရှိ အခြေအနေသည် နှစ်နိုင်ငံစလုံးက သတိပြုစရာများဖြစ်နေပြီး နှစ်နိုင်ငံစလုံးအနေဖြင့် စဉ်ဆက်မပြတ် ဆွေးနွေးမှုများ ပြုလုပ်ပြီး ကဏ္ဍရပ်အသီးသီးတွင် ကိုယ်စားလှယ်အဖွဲ့များ ဖလှယ်ခြင်းဖြင့် ကောင်းမွန်စွာ ဆက်ဆံနိုင်ကြောင်း စသည်ဖြင့် အိန္ဒိယ ပြည်ပရေးရာဌာန၏ ပြောရေးဆိုခွင့်ရှိသူကအမေရိကန်နိုင်ငံခြားရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တွမ်ကာဆေးအားတုံ့ပြန်ပြောကြားသည်။

နှစ်နိုင်ငံအတွင်းဆွေးနွေးမှု၊ဆက်ဆံမှုဖြင့် ငြိမ်းချမ်းရေး ရရှိနိုင်သည်ဟု ယုံကြည်ကြကြောင်း၊နှစ်နိုင်ငံ၏ဆက်ဆံရေး ဖော်ဆောင်ရာတွင် မည်သည့်ညွှန်ကြားမှုများမှ လိုအပ်မှုမရှိကြောင်း အိန္ဒိယက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်တောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်သေဆုံး

ကဘူး ဧပြီ ၂၄

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းဟယ်လ်မန့်ပြည်နယ်တွင် ဗုံးပေါက်ကွဲမှုကြောင့်ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း ဗြိတိန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ပြောကြားသည်။

အလားတူ မာရှဖ်ခရိုင် ကန်ဒါဟာအရပ်တွင်လည်း ဧပြီ ၂၁ရက်ညပိုင်းက တိုက်ခိုက်မှု ဖြစ်ပွားသောကြောင့် တာလီဘန်စစ်သွေးကြွ လေးဦးနှင့် အာဖဂန်ရဲတပ်ဖွဲ့ဝင် သုံးဦး သေဆုံးကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ကရိုက်တာသတင်းထောက်သို့ ပြောကြားသည်။

ဟယ်လ်မန့်ပြည်နယ်ရှိဗြိတိသျှအခြေစိုက်စခန်းသို့ဂါရက်ခ်ခရိုင်မှထွက်လာသည့်ထောက်ပံ့ရေးယာဉ်တန်းကိုဗုံးဖြင့် တိုက်ခိုက်မှုကြောင့် ဧပြီ ၂၁ ရက်တွင် ဗြိတိသျှတပ်ဖွဲ့ဝင် သေဆုံးခဲ့ကြောင်း ဗြိတိန် ဝန်ကြီးဌာနက ပြောကြားသည်။ *အမ်အင်အေ၊ရိုက်တာ။*

အီရန်နျူကလီးယားစက်ရုံအတွက် ရုရှားကုန်ပစ္စည်းများ အဇာဘိုင်ဂျန်၌ တားဆီးခြင်းခံရ

မော်စကို ဧပြီ ၂၄

အီရန်ဘာရှီယား နျူကလီးယားစက်ရုံအတွက် လျာထားသော ရုရှားနိုင်ငံထုတ် အပူကာပစ္စည်းများကို အဇာဘိုင်ဂျန်နိုင်ငံ အကောက်ခွန်နှင့် နယ်စပ်တာဝန်ရှိသူများကတားဆီးထားကြောင်း ရုရှား သက်ဆိုင်ရာဌာနက ဧပြီ ၂၁ ရက်တွင် ပြောကြားသည်။

အီရန်နှင့် အဇာဘိုင်ဂျန် နှစ်နိုင်ငံ အကြားနယ်စပ်အစတာရာဒေသတွင် မတ် ၂၉ ရက်က ထိုအပူကာပစ္စည်းများကို တားဆီးခံရခြင်း ဖြစ်ကြောင်း၊ ယခုတိုင် အဆိုပါပစ္စည်းများကို ပြန်လည်ထုတ်ယူရရှိမှု မရှိသေးကြောင်း သက်ဆိုင်ရာဌာနက ပြောကြားသည်။ ၎င်းတို့၏ အကြီးအကဲအမိန့်အရ အဇာဘိုင်ဂျန်နယ်စပ်တပ်ဖွဲ့သည် အကောက်ခွန်စခန်း၌ ဘာရှီယားစက်ရုံအတွက် အပူကာပစ္စည်းများ သယ်ဆောင်လာသည့် ယာဉ်များကို တားဆီးခဲ့သည်ဟု ပြောရေးဆိုခွင့် ရှိသူ အိုင်ရီနာရီစီပိုဗာက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဗီယက်နမ် ပြည်နယ်နှင့် ဒေသ ၂၀ တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွား

ဟန္ဒိုင်း ဧပြီ ၂၅

ဗီယက်နမ်တစ်ဝန်းရှိ ပြည်နယ်နှင့် ဒေသ၂၀တွင်မတ်လအစောပိုင်းမှစ၍ ဝမ်းပျက်ဝမ်းလျှောရောဂါ ပြန့်ပွားလျက်ရှိရာ ရောဂါဝေဒနာ ခံစားနေရသူ ၂၄၉၀ ရှိကြောင်း၊ ၎င်းအနက် ၃၇၇ ဦးတွင် ကာလဝမ်းရောဂါပိုး တွေ့ရှိသည်ဟု ဒေသဆိုင်ရာ သတင်းစာက ဧပြီ ၂၃ ရက်တွင် ပြောကြားသည်။

မြို့တော်ဟန္ဒိုင်းတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်ခံရသူ ၁၀၃၂ ဦးရှိပြီး ကူးစက်မှုအများဆုံးနေရာဖြစ်ကြောင်း၊ထို့နောက်ဟာတေးပြည်နယ်မြောက်ပိုင်း၌ရောဂါကူးစက်ခံရသူ ၆၉၁ ဦးရှိသည်ဟု ဗီယက်နမ်ကျန်းမာရေးဌာန၏ ပြောကြားချက်ကို ကိုးကား၍သတင်းစာ၌ဖော်ပြထားသည်။

ကျန်းမာရေးဌာနက အချိန်မီကုသပေးမှုကြောင့် သေဆုံးသူမရှိကြောင်း ဗီယက်နမ် ဂျီအန်မက်အိုလိစ်ဒေသရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိပ်ချ်အို)ကိုယ်စားလှယ်ကပြောကြားသည်။

လတ်တလော ဖြစ်ပေါ်နေသည့် ဝမ်းပျက်ဝမ်းလျှောရောဂါအခြေအနေကို ဖြေရှင်းပေးရန်၊ သန့်ရှင်းလတ်ဆတ်သည့် အစားအစာ ဖူလုံရေးအတွက် အစီအစဉ်များ ဆောင်ရွက်သွားရန် ဗီယက်နမ်အစိုးရကို၎င်းကတိုက်တွန်းခဲ့သည်။ သို့သော် လာမည့်မိုးရာသီတွင် ဗီယက်နမ်နိုင်ငံတွင်း၌ ဝမ်းရောဂါဖြစ်နိုင်သည့်အတွက် ဒဗလျူအိပ်ချ်အိုက အဆင့်အမြင့်ဆုံးသတိပေးချက် ထုတ်ပြန်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ယူဂန္ဒာနိုင်ငံ အိုယမ်ခရိုင်တွင် ရေရှားပါးမှုနှင့် ကြုံတွေ့နေရ၍ ရေမြောင်းအတွင်းမှ ရေခပ်နေသူတစ်ဦးကို ဧပြီ ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်လုံခြုံရေး ကုမ္ပဏီမှ ဝန်ထမ်းနှစ်ဦး အာဖဂန်နစ္စတန်နိုင်ငံတွင်ပျောက်ဆုံး

ဟာရက်(အာဖဂန်နစ္စတန်) ဧပြီ ၂၄

အမေရိကန် လုံခြုံရေးကုမ္ပဏီမှ ဝန်ထမ်းနှစ်ဦး အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်းဒေသရှိဟာရက်ပြည်နယ်တွင် ပျောက်ဆုံးနေကြောင်း အဆိုပါကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။

အိန္ဒိယနှင့် နီပေါအလုပ်သမားများသည် အငှားယာဉ်စီး၍ ခရီးသွားရာ အဒရာစကန်ခရိုင်တွင် တနင်္လာနေ့ညပိုင်းက ပျောက်ဆုံးခဲ့ကြောင်း၊ယာဉ်မောင်းလည်းပေါ်လာခြင်းမရှိကြောင်း၊ သို့ရာတွင် မော်တော်ယာဉ်ကို တစ်နေရာတွင် စွန့်ပစ်ထားခဲ့ကြောင်း အဆိုပါပုဂ္ဂိုလ်က ပြောကြားသည်။

အဒရာစကန်ခရိုင်သည်တာလီဘန်ပြောက်ကျားများနှင့် ရာဇဝတ်မှု ကျူးလွန်သူများသောင်းကျန်းသည့်အထင်ကရ အဝေးပြေး လမ်းမကြီးပေါ်တွင် တည်ရှိသည်။ အဆိုပါ ဝန်ထမ်းနှစ်ဦးသည် အီးအိုဒီ အမေရိကန် လုံခြုံရေးကုမ္ပဏီတွင် လုပ်ကိုင်နေသူများ ဖြစ်သည်။ ဟာရက်တွင်အာဖဂန်ရဲတပ်ဖွဲ့အသစ် ဖွဲ့စည်းနေရာတွင် အဆိုပါကုမ္ပဏီက ကူညီလုပ်ကိုင်ပေးနေခြင်းဖြစ်သည်။ ပျောက်ဆုံးသွားသူ နှစ်ဦးမှာပြန်ပေးဆွဲခံရခြင်းဖြစ်ကြောင်း၊ သို့ရာတွင် မည်သည့်အတွက်ကြောင့် ပြန်ပေးဆွဲခံရသည်ကိုမူအဒရာစကန်ခရိုင်ရဲဖြစ်သူ အဗ္ဗဒူရာရှစ် ပိုပယ်က ပြောကြားခြင်းမရှိပေ။

အမ်အင်အေ၊ရိုက်တာ။

ဂါဇာဓာတ်အားပေးစက်ရုံအတွက် လောင်စာများ အစ္စရေးပြန်လည်ပေးပို့

ဂျေရုဆလင် ဧပြီ ၂၄

ဂါဇာကမ်းမြောင်ဒေသရှိ တစ်ခုတည်းသော ဓာတ်အားပေးစက်ရုံအတွက် လောင်စာကို အစ္စရေးတို့သည် ရေနံပိုက်လိုင်းမှတစ်ဆင့် ဧပြီ ၂၃ ရက်မှစ၍ ပြန်လည်ပို့လွှတ်လျက်ရှိကြောင်း၊ လောင်စာဖြတ်တောက်မည်ဟု ခြိမ်းခြောက်ထားချက်ကို ပြောင်းလဲဆောင်ရွက်လိုက်ခြင်းပင်ဖြစ်ကြောင်း အစ္စရေးတာဝန်ရှိသူက ပြောကြားသည်။

လောင်စာသယ်ယာဉ်များကိုပါလက်စတိုင်းစစ်သွေးကြွများကပစ်ခတ်ခဲ့ပြီးနောက် အစ္စရေးတို့သည်ကြာသပတေးနေ့ကနာဟလ်အိုရှိလောင်စာသိုလှောင်ရုံကို ပိတ်ခဲ့သည်ဟု ၎င်းက ပြောကြားသည်။ အစ္စရေးတို့သည် လောင်စာသိုလှောင်ရုံကိုဧပြီ၂၄ရက်တွင်ပြန်လည်ဖွင့်လှစ်ခဲ့ပြီးဓာတ်အားပေးစက်ရုံအတွက် ဒီဇယ်လီတာ တစ်သန်းကိုလည်း ပို့လွှတ်ပေးမည်ဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဥရောပသမဂ္ဂ ရန်ပုံငွေမတည်ပေးထားသည့် လောင်စာတင်ယာဉ်နှစ်စီး လောင်စာများတင်ဆောင်၍ ဂါဇာရှိ ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိခဲ့သည်။ အဆိုပါ လောင်စာပမာဏမှာ ခန့်မှန်းခြေအားဖြင့်လီတာတစ်သန်းရှိကြောင်း ဓာတ်အားပေးစက်ရုံ ညွှန်ကြားရေးမှူးဒီရာအဘူဆီက ပြောကြားသည်။

ထိုဓာတ်အားပေးစက်ရုံသို့လောင်စာသာအချိန်မီမရောက်ရှိပါကဗုဒ္ဓဟူးနေ့မွန်းလွဲပိုင်းတွင် ပိတ်ထားရမည်ဟု ပါလက်စတိုင်းစွမ်းအင်ဌာန ဒုတိယအကြီးအကဲ ကာနန်အဘိုက်ဒ်က ဧပြီ ၂၂ ရက် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။ *အမ်အင်အေ၊ရိုက်တာ။*

ကိုလံဘီယာနိုင်ငံကာလီတိရစ္ဆာန်ဥယျာဉ်အတွင်းမှ မွေးမြူထားသော ပုရွက်စားကောင် သားအမိကို ဧပြီ ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့စားနပ်ရိက္ခာ ဈေးနှုန်းကြီးမြင့်မှုကြောင့် အာဖဂန်နစ္စတန်နိုင်ငံတွင် အထိနာလျက်ရှိ

ကဘူး ဧပြီ ၂၅

ကမ္ဘာတစ်ဝန်းတွင် အဆင်းရဲဆုံးနိုင်ငံများတွင်ပါဝင်သည့် အာဖဂန်နစ္စတန်နိုင်ငံသည် စားနပ်ရိက္ခာဈေးနှုန်း မြင့်မားမှုဒဏ်ကို အများဆုံးခံနေရသည့်နိုင်ငံဖြစ်သည်။

ရင်ဆိုင်နေရ

ပြည်ပမှတင်သွင်းနေသည့် ဂျုံသီးနှံ ဂျုံမှုန့်တို့အပေါ် အများအားဖြင့် မှီခိုနေရသော အာဖဂန်နိုင်ငံအနေဖြင့် ပါကစ္စတန်နည်းတူ စားနပ်ရိက္ခာပြဿနာများနှင့် ရင်ဆိုင်နေရပြီး ပြည်တွင်းမှထွက်ရှိသည့် ဂျုံမှုန့်ကို အိမ်နီးချင်းနိုင်ငံသို့ စီးဆင်းမှုမရှိစေရန် ကန့်သတ်ထားသည်။

စားနပ်ရိက္ခာဝယ်ရန်

အာဖဂန်အစိုးရက စားနပ်ရိက္ခာ ဝယ်ယူရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၅၀ သတ်မှတ်ပေးခဲ့သည်။

အလုံအလောက်ရှိစေရန်

ပြဿနာများ မပေါ်ပေါက်စေရေးအတွက် မိမိတို့ ဈေးကွက်များတွင် စားနပ်ရိက္ခာ အလုံအလောက်ရှိနေစေရန်ဆောင်ရွက်မည်ဟု သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူကပြောကြားသည်။

ပြစ်တင်ပြောကြား

သို့ရာတွင် အာဖဂန်ပြည်သူလူထု အများစုကမူ အာဖဂန်အစိုးရအား ကုန်ဈေးနှုန်းကြီးမြင့်မှုနှင့် ပတ်သက်၍ ပြစ်တင်ပြောကြားနေကြသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံတွင် ပီကေကေသူပုန်များကို တူရကီတိုက်ခိုက်

အန်ကာရာ ဧပြီ ၂၅

တူရကီ စစ်လေယာဉ်များသည် အီရတ်နိုင်ငံမြောက်ပိုင်းမှ တူရကီနိုင်ငံအတွင်းသို့ ဖြတ်ဝင်ရန်ကြိုးပမ်းနေသော ကာ့ဒ်သူပုန်အုပ်စုတစ်စုကို တိုက်ခိုက်ကြောင်း ကြာသပတေးနေ့တွင် ကြည်းတပ်က ကြေညာချက်တစ်စောင်ထုတ်ပြန်သည်။

အီရတ်နိုင်ငံမြောက်ပိုင်းတွင် ကာ့ဒ်သူပုန်ပစ်မှတ်များကို တူရကီစစ်လေယာဉ်လေးစင်းက ဗုံးကြဲတိုက်ခိုက်ကြောင်း စစ်တပ်မှသတင်းထွက်ပေါ်လာပြီးနောက် အဆိုပါကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ဗုံးကြဲတိုက်ခိုက်

လက်နက်ကိုင် ပီကေကေ၊ ကွန်ဂရာဂဲလ် အကြမ်းဖက်အဖွဲ့ဝင်များသည် အီရတ်နိုင်ငံမြောက်ပိုင်း ဟာကတ်ဒေသမှ တူရကီနိုင်ငံအတွင်းသို့ ဝင်ရောက်ရန်ကြိုးစားနေစဉ် လေတပ်မှ စစ်လေယာဉ်များသည် ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း ထိုကြေညာချက်တွင် ဖော်ပြထားသည်။ နောက်ထပ် အသေးစိတ်အချက်အလက်များကိုမူ မသိရပေ။

အမ်အင်အေ၊ရိုက်တာ။

အခြေခံဥပဒေ အတည်ပြုရေး မဲရုံသွား၍ ထောက်ခံမဲပေး။

ဩစတြေးလျနိုင်ငံမှ တိုကျိုမြို့သို့ သောကြာနေ့က ဆိုက်ရောက်လာသော ပေကျင်း အိုလံပစ်မီးရှူးတိုင်ကို လက်ဆင့်ကမ်းသယ်ဆောင်မည့် အားကစားသမားများအား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပိုလန်နိုင်ငံ၏ စီးပွားရေး ကျဆင်းလာနေကြောင်း အိုင်အမ်အက်ဖ်က ခန့်မှန်း

ဝါဆော ဧပြီ ၂၅

ပိုလန်နိုင်ငံ၏ စီးပွားရေး အခြေအနေမှာ ၂၀၀၇ ခုနှစ်တွင် ၆ဒသမ၆ ရာခိုင်နှုန်းမှ ၂၀၀၈ ခုနှစ်တွင် ၄ဒသမ၉ရာခိုင်နှုန်းအထိ ကျဆင်းလာနိုင်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)၏ ကြိုတင်ခန့်မှန်းချက်ကို ကိုးကား၍ ပိုလန်သတင်းစာ ပီအေပီက ဖော်ပြခဲ့သည်။

ထိုသို့ကျဆင်းမှုမှာ ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်မှုနှင့် ဈေးကွက်များတွင် ငွေရေးကြေးရေး ဘေးကျပ်နံကျပ်ဖြစ်ပေါ်မှု အခြေအနေများကြောင့် ကမ္ဘာ့စီးပွားရေး တိုးတက်မှုကျဆင်းလာခြင်း၏ အကျိုးဆက်ပင်ဖြစ်ကြောင်း ပီအေပီက ဖော်ပြသည်။

ဖော်ပြချက်တွင် ပိုလန်နိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုမှာ ၂၀၀၉ ခုနှစ်တွင် ၄ဒသမ၅ရာခိုင်နှုန်းအထိ ကျဆင်းလာနိုင်ကြောင်း ခန့်မှန်းသည်။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့အနေဖြင့် ပိုလန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုမှာ ၂၀၀၈ ခုနှစ်တွင် ၄ဒသမ၁ ရာခိုင်နှုန်းအထိ တက်လာနိုင်ပြီး ၂၀၀၉ ခုနှစ်တွင် ၃ဒသမ၈ရာခိုင်နှုန်းသို့ ပြန်လည်ကျဆင်းလာဖွယ်ရှိကြောင်း မျှော်မှန်းထားသည်။

ရန်ပုံငွေအဖွဲ့၏ ညွှန်ကြားရေးမှူး အဂျီချိုပရာက ပိုလန်နိုင်ငံ၏ စီးပွားရေးအခြေအနေမှာ အဆိုးကြီးမဟုတ်ကြောင်း ဝါဆောရှိ သတင်းထောက်များအား ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။ ပိုလန်နိုင်ငံအနေဖြင့် နိုင်ငံပိုင်ကဏ္ဍမှ ငွေကြေးသုံးစွဲမှု ကိုထိန်းချုပ်မှုများပြုလုပ်ရန်နှင့် ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ပြုလုပ်ပါက စီးပွားရေးအခြေအနေမှာ အားရစရာရှိလာမည့် အလားအလာရှိကြောင်း ၎င်းက ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

လက်နက်ကိုင်ငါးဦး လက်ဘနွန်သို့ ဝင်ရောက်

ဘေရွတ် ဧပြီ ၂၅

လက်နက်များ ကိုင်ဆောင်ထားသည့် အုပ်စုများက တောင်ပိုင်း လက်ဘနွန်ဒေသသို့ ထိုးဖောက်ဝင်ရောက်ခဲ့ကြောင်း လက်ဘနွန်ရှိ ကုလသမဂ္ဂ ကြားဖြတ်တပ်ဖွဲ့(ယူနီဖီးလ်) က ဗုဒ္ဓဟူးနေ့တွင် ပြောကြားကြောင်း ဒေသခံသတင်းအရ သိရှိရသည်။

မည်သူမည်ဝါမှန်း မသိရသူ ငါးဦးက ယူနီဖီးလ် ကင်းလှည့်တပ်ဖွဲ့အား ကြားဖြတ်ဟန့်တားခဲ့ကြောင်း ကင်းလှည့်တပ်ဖွဲ့က လက်ဘနွန်တောင်ပိုင်းဒေသတွင် ထရပ်ယာဉ်တစ်စီး၏ နောက်သို့ မတ် ၃၀ ရက်တွင် နောက်မှ လိုက်နေကြောင်း စသည်ဖြင့် ယူနီဖီးလ် ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ယက်စမီနာဘူဇီယာနီက ပြောကြားသည်။

မော်တော်ယာဉ်နှစ်စီးနှင့် ပါလာသည့် သေနတ်ကိုင်ငါးဦးကို ယူနီဖီးလ် ကင်းလှည့်တပ်ဖွဲ့က သတိပေးကြောင်း၊ ၎င်းတို့သည် ယင်းနေရာမှ ထွက်သွားကြကြောင်း။

၎င်းတို့သည် မည်သည့် နိုင်ငံသားများမှန်း မသိရသေးကြောင်း ၎င်းအမျိုးသမီးက ပြောကြားသည်။

လက်ဘနွန်စစ်ဘက်က အဆိုပါ မော်တော်ယာဉ် မည်သည့်နေရာတွင် ရှိသည်ဟု ပြောကြားနိုင်ခြင်းမရှိသလို သေနတ်ကိုင်ဆောင်သူ များမှာလည်း မည်သည့်အုပ်စုမှ ဖြစ်ကြောင်း ပြောကြားနိုင်ခြင်းမရှိဟု အမျိုးသမီးက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံတွင် တည်ဆောက်သည့် ကျည်ဆန်ရထားတစ်စင်း ပေကျင်း-တီယန်ကျင်း ရထားလမ်းတွင် တစ်နာရီ ကီလိုမီတာ ၂၆၀ နှုန်းဖြင့် စမ်းသပ်ခုတ်မောင်းနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရာသီဥတုပြောင်းလဲမှုကြောင့် အတွင်းတိမ်ဖြစ်ပွားနှုန်း များလာနိုင်

ကင်ဘာရာ ဧပြီ ၂၅

ရာသီဥတုအပြောင်းအလဲကြောင့် ခရမ်းလွန်ရောင်ခြည်သင့်မှုမြင့်မားလာခြင်းသည် မျက်စိ အတွင်းတိမ်ဖြစ်ပွားမှုကို များပြားလာစေလိမ့်မည်ဖြစ်ကြောင်း ဖရက်(ဒ်)ဟောလိုးဖောင်ဒေးရှင်းအဖွဲ့မှ ကျွမ်းကျင်ပညာရှင်တစ်ဦးက ပြောကြားလိုက်သည်။

အတွင်းတိမ်ကြောင့် မျက်စိကွယ်ရသည့် အဓိကအကြောင်းရင်းများမှာ အသက်အရွယ်ကြီးရင့်လာခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့် ခရမ်းလွန်ရောင်ခြည်သင့်ခြင်းတို့ကြောင့်ဖြစ်သည်ဟု ဆိုသည်။

ရာသီဥတုအပြောင်းအလဲကြောင့် အိုဇုန်းလွှာပျက်စီးပြီး ခရမ်းလွန်ရောင်ခြည်ကျရောက်မှု မြင့်မားလာခြင်းသည် မျက်စိ အတွင်းတိမ်ကိုဖြစ်စေသည်။ တစ်ကမ္ဘာလုံးရှိ မျက်စိကွယ်သူဦးရေ၏ ၅၀ရာခိုင်နှုန်းနီးပါးသည် အတွင်းတိမ်ကြောင့် မျက်စိကွယ်ရခြင်းဖြစ်သည်ဟုဆိုသည်။ မျက်စိအား ခရမ်းလွန်ရောင်ခြည်သင့်မှုမှကာကွယ်ရန် အရိုးရှင်းဆုံးနည်းလမ်းမှာ အပြင်ထွက်သည့်အခါ၌ ဦးထုပ်ဆောင်းခြင်း၊ နေကာမျက်မှန်တပ်ခြင်းတို့ပင်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုသည် အချို့သော ကူးစက်ရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုနှုန်းများကို မြင့်မားစေနိုင်ပြီး လာမည့်ဆယ်နှစ်တာကာလအတွင်း၌ အပူချိန်မြင့်မားလာမှုကြောင့် ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများအတွက် အန္တရာယ်ပိုများလာနိုင်သည်ဟု ဩစတြေးလျနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ ဆရာဝန်များကလည်း ပြောကြားလိုက်သည်။ *(အေအက်ဖ်ပီ)*

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

ငှက်ဖျားရောဂါတိုက်ဖျက်ရေး အာဖရိကနိုင်ငံများကူညီရန် ကုလသမဂ္ဂပြောကြား

ကုလသမဂ္ဂ ဧပြီ ၂၅

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အာဖရိကနိုင်ငံအားလုံးသည် ၂၀၁၀ ပြည့်နှစ်တွင် ငှက်ဖျားရောဂါထိန်းချုပ်နိုင်ရန်အတွက် အခြေခံပစ္စည်းများရရှိရေးအတွက် အကူအညီပေးကြပါရန် တစ်ကမ္ဘာလုံးသို့ ကမ္ဘာ့ငှက်ဖျားရောဂါနေ့ သောကြာနေ့တွင် ပြောကြားလိုက်သည်။

အာဖရိကနိုင်ငံများသည် ငှက်ဖျားရောဂါကို တိုက်ဖျက်ရာတွင် မအောင်မြင်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နှစ်စဉ်သေဆုံးသူ ၁ ဒသမ ၃သန်း ခန့်မှန်းကြောင်း၊ သေဆုံးသူအများစုမှာ ငါးနှစ်အောက် ကလေးများဖြစ်ကြောင်း ကုလသမဂ္ဂက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

မကြာမီနှစ်များအတွင်းက အချို့သော အာဖရိကနိုင်ငံများသည် ငှက်ဖျားရောဂါ ထိန်းချုပ်ရေးတွင် တိုးတက်မှုများရှိခဲ့သော်လည်း နိုင်ငံအများစုသည် ရည်မှန်းချက်ပန်းတိုင်သို့ မရောက်ရှိကြောင်း ဘန်ကီမွန်းကပြောကြားသည်။

ဘန်ကီမွန်းနှင့် ၎င်း၏ ငှက်ဖျားရောဂါတိုက်ဖျက်ရေး သံတမန်ရေးချန်းဆားစ်က ၂၀၁၀ပြည့်နှစ် ဒီဇင်ဘာလခန့်တွင် အာဖရိကနိုင်ငံများအားလုံး၏ ပြည်သူအားလုံးအတွက် ခြင်ထောင်များ၊ ခြင်ဆေးဘူးများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက် ငှက်ဖျားရောဂါကုဆေးခန်းများ၊ ကြိုတင်ကာကွယ်ရေးဆောင်ရွက်မှုများ လိုအပ်ကြောင်းပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘင်္ဂလားဒေ့ရှ် ယာဉ်တိုက်မှု ငါးဦးသေဆုံး

ဒါကာ ဧပြီ ၂၅

ဘတ်စ်ကားတစ်စီးနှင့် ထရပ်ယာဉ်တစ်စီးတို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တော်တွင် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ရင်ဆိုင်တိုက်မိခဲ့ကြရာ ထရပ်ကားမောင်းသူတစ်ဦးအပါအဝင် ငါးဦး သေဆုံးပြီး ၃၄ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများမှ ၁၀ဦးကို ဆေးရုံသို့တင်ပို့ခဲ့ရာ ၎င်းတို့၏ အခြေအနေသည် ဆိုးရွားသည်ဟုသိရသည်။ ဒဏ်ရာရရှိသူများအနက်တစ်ဦး ဆေးရုံတွင်သေဆုံးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

● အခြေခံဥပဒေ အတည်ပြုဖို့ မဲရုံသွား၍ မဲပေးစို့။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဖလား ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၅

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် ၂၀၀၈ခုနှစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ၃နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် တက်ရောက်ကြည့်ရှုအားပေးပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲမစတင်မီနှင့် ဖွင့်ပွဲ အပြီးတွင် နာမည်ကြီး တေးသံရှင်များဖြစ်သည့် စိုင်းစိုင်းခမ်းလှိုင်၊ ဘာဘူ၊ ဟက်ကက်၊ ကျားပေါက်၊ မိုးမိုး၊ သားစိုး၊ ရဲလေး၊ ကောင်းမြတ်၊ သီရိဆွေ၊ ငယ်ငယ် စသည့် အဆိုတော်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။ ဖွင့်ပွဲအပြီးတွင် စိုင်းစိုင်းခမ်းလှိုင် ဦးဆောင်သည့် အနုပညာရှင်အသင်းနှင့် အသက်(၄၀) အထက် အမျိုးသားအသင်းတို့ သရုပ်ပြပွဲကစားကြသည်။

ပထမအကြိမ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘတ်စကက်ဘောပြိုင်ပွဲကို မေ၂၆ ရက်မှ မေ ၃ရက်အထိကျင်းပမည်ဖြစ်ပြီး အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏနှင့် ကျိုက္ကဆံမိုးလုံလေလုံအားကစားရုံတို့တွင် နေ့စဉ် နံနက် ၉နာရီမှ ညနေ ၆နာရီအထိကျင်းမည်ဖြစ်သည်။ပြိုင်ပွဲတွင် အသင်းပေါင်း ၅၁သင်းယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အလွတ်တန်းပြိုင်ပွဲတွင် အမျိုးသား ၁၀သင်း၊ အမျိုးသမီး သုံးသင်း၊ ယူ-၂၀ပြိုင်ပွဲတွင် အမျိုးသား ၁၀သင်း၊ အမျိုးသမီး လေးသင်း၊ ယူ-၁၆ပြိုင်ပွဲတွင် အမျိုးသား ၁၁သင်း၊ အမျိုးသမီး ကိုးသင်း၊ အသက် ၄၀နှစ် အထက်ပြိုင်ပွဲတွင် အမျိုးသား လေးသင်းနှင့် အမျိုးသမီး နှစ်သင်းတို့ပါဝင်ကြသည်။ ဆုကြေးများအဖြစ် ပြိုင်ပွဲ လေးခုစလုံးတွင် ပထမငွေကျပ်၁၀သိန်း၊ဒုတိယငွေကျပ်ရှစ်သိန်း၊ တတိယငွေကျပ်ခြောက်သိန်း၊ အသန့်ရှင်းဆုံးအသင်းဆု၊ အထူးချွန်ဆုံးဆု၊ အကောင်းဆုံး ခံစစ်သမားဆုနှင့် ပြန်ကျဘော ဖမ်းဆုများကိုပါ ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း (SINMA ပရိဘောဂ)က "မြန်မာ့ဘတ်စကက်ဘော အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေး အတွက် အဖွဲ့ချုပ်ကိုအသစ် ပြန်လည် ဖွဲ့စည်းခဲ့ပါကြောင်း၊ မျိုးဆက်သစ် အားကစားသမားများနှင့် ဘတ်စကက်ဘော အားကစားနည်း အဆင့်အတန်းမြင့်မားရေးကို အဓိကရည်ရွယ်၍ ယခုပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ ပြည်တွင်း ပြိုင်ပွဲများများ ကျင်းပပေးနိုင်လျှင် ကစားသမားကောင်းများ ထွက်ပေါ်ပြီး ပြည်ပပြိုင်ပွဲများကို တစ်ကျော့ပြန် ပြန်လည်ယှဉ်ပြိုင်လာနိုင်မည် ဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်း ပြိုင်ပွဲများနှင့်အမျိုးသားတံခွန်စိုက်ပြိုင်ပွဲများကို လာမည့် မေနှင့် ဇွန်တို့တွင် ကျင်းပသွားရန်ရှိကြောင်း၊ ယခုပြိုင်ပွဲမှ အလားအလာရှိသော လူငယ်ကစားသမားများကို ရွေးချယ်ကာစခန်းသွင်းပြီးကစားသမားများ၏ စားဝတ်နေရေးအပြင် ရေရှည် ဘဝ အာမခံချက်အတွက် အလုပ်ပါ စီစဉ်ပေးသွားမည်ဖြစ်ကြောင်း၊ ဒိုင်လူကြီးများ ပိုမိုတိုးတက်ကောင်းမွန်လာရန်အတွက် ယခုပြိုင်ပွဲ ကျင်းပနေစဉ်အတွင်း ဒိုင်မွမ်းမံသင်တန်းကိုဖွင့်လှစ်သွားမည်ဖြစ်ပြီး FIBA Asiaမှ ဒိုင်နှစ်ဦး လာရောက်ပို့ချမည်ဖြစ်ကြောင်း"ဖြင့် ကြေးမုံသို့ ရှင်းပြသွားသည်။

(ကြေးမုံ)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အဖွင့်အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (ကြေးမုံ)

လုံးချောနှင့် ဝင်းထွန်း ပထမဆုံးအကြိမ် ရင်ဆိုင်တွေ့ ယှဉ်ပြိုင်မှုပြင်းထန်၊ အလဲအကွဲဖြင့် ပူးတွဲသရေကျ

ရန်ကုန် မေ ၂၅

မြန်မာ့ရိုးရာ လက်ဝှေ့အားကစား တိုးတက်ပြန့်ပွား အောင်မြင်ရေးနှင့် လက်ဝှေ့ဝါသနာရှင် ပြည်သူလူထုများအကြား ကျယ်ကျယ်ပြန့်ပြန့် ရေပန်းစား အားပေးမှုရရှိလာအောင် အစဉ်တစိုက်ပံ့ပိုးကူညီခဲ့သောCalsome ကွေကာ/ Myanmar Distribution GroupCo.,Ltdမှပံ့ပိုးကူညီမှုနှင့်မြန်မာနိုင်ငံရိုးရာအားကစား အဖွဲ့ချုပ်မှ ကြီးမှူး၍ T&T Group မှ တာဝန်ယူကျင်းပသော ကယ်လ်ဆမ်မျှော်စင်ကွန်းမှ စိန်ခေါ်သံ (၈) မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ယနေ့ညနေ ၆နာရီခွဲမှစ၍ကရဝိက်ဥယျာဉ်ကမ္ဘာ့ရှိ မျှော်စင်ကျွန်းတွင် ကျင်းပရာ ရိုးရာလက်ဝှေ့ အားကစားဝါသနာရှင်များ တစ်ခဲနက် ကြည့်ရှုအားပေးခဲ့ပြီး လုံးချော (K.L.N) နှင့် ဝင်းထွန်းတို့ အလဲအကွဲဖြင့် ပူးတွဲသရေကျသွားသည်။

ကယ်လ်ဆမ်မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၈) မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲတွင် စိန်ခေါ်ပွဲကိုးပွဲ ထည့်သွင်းကျင်းပခဲ့သည်။ ပထမပွဲစဉ်တွင် သိုးထိန်း (မြန်မာပြည်သား)က ချောလေး (ရွှေဒေါ်ပုံ)ကို လည်းကောင်း၊ ချန်ဒူးဝမ် (K.L.N)က မင်းမင်း (အလင်းရောင်)ကို လည်းကောင်း အနိုင်ရရှိသွားကြပြီး ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရှင် စောကရင် (မိုးသောက်ကြယ်) နှင့် ဘနှစ်လေး (အလင်းရောင်) တို့ပွဲတွင် အရှုံးအနိုင်မပေါ်ဘဲ သရေပွဲ ဖြစ်သွားသည်။

ဂျိုးမတေ (သူရဲကောင်း) နှင့် မိုးနိုက် (မြန်မာပြည်သား) တို့ပွဲတွင် ဂျိုးမတေ၏ လက်သီးနှင့်ဒူးတိုက်ချက်များကြောင့် မိုးနိုက် မျက်နှာ ဖူးရောင်သွားသည်။တတိယအချီတစ်မိနစ်တွင် ဂျိုးမတေ၏ ထိုးချက်များကြောင့် မိုးနိုက် အလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။ ပြည်နယ်နှင့် တိုင်း ရွှေဆုရှင် ထစ်ချိုး(မိုးသောက်ကြယ်)နှင့် ဘားအံမဟာသကြ်ိန် အောင်လံဆုရ ထူလေးအောင်(မျိုးဇာနည်)တို့ပွဲတွင် ထစ်ချိုးက အနိုင်ရရှိသွားသည်။

တက်သစ်စလက်ဝှေ့ကျော် နှစ်ဦးဖြစ်သည့်စောအာကာ (K.L.N)နှင့် ဂဠုန်မင်း (မျိုးဇာနည်) တို့ပွဲမှာ ဘတစ်ပြန် ကျားတစ်ပြန်ရှိလှသည်။ ဒူး၊ တံတောင်၊ ခြေ၊ လက်သာမက ချုပ်သိုင်းကိုင်ပေါက်ဖြင့် ပညာစုံသုံး၍ ထိုးသတ်ကြရာ ပရိသတ်အကြိုက်တွေ့ခဲ့ရသည်။ ပွဲအပြီးတွင် အရှုံးအနိုင်မပေါ်ဘဲ သရေပွဲဖြစ်သွားသည်။ ခိုင်လင်း (မျိုးဇာနည်) နှင့် မိုးသီး (မြန်မာပြည်သား) တို့ပွဲတွင် ပရိသတ်လက်ခုပ်ဩဘာမစဲဖြစ်ခဲ့ရပြီး သရေပွဲဖြစ်သွားသည်။

စောပဂရေမှူး (K.L.N) နှင့် အာကာဟိန်း (မြို့တော်စည်ပင်) တို့ပွဲတွင် ပထမအချီ ၁ မိနစ် ၁၀စက္ကန့်တွင် စောပဂရေမှူးက အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ ပထမအချီ စစချင်းမှာပင် နှစ်ဦးစလုံး အတင်းဝင်ထိုးကြရာ၅၈စက္ကန့်မှာပင် စောပဂရေမှူးလက်သီးချက်မိပြီး အာကာဟိန်းအနားတောင်းရသည်။အနားတောင်းပြီးပြန်အစ ၁၂စက္ကန့်အကြာမှာပင် စောပဂရေမှူးကလက်သီးချက်ဖြင့် ပွဲသိမ်းလိုက်သည်။

သတင်းဓာတ်ပုံ စိုးညွန့် (ကြေးမုံ)

ဝင်း ထွန်း (လယ်/ဆည်)၏ ခြေကန်ချက် လုံး ချောကို ထိမှန်သွားစဉ်။

ယနေ့စိန်ခေါ်ပွဲ၏ အဓိက ပွဲစဉ်အဖြစ် လုံးချော (K.L.N) နှင့် ဝင်းထွန်း (လယ်/ဆည်)တို့ ယှဉ်ပြိုင်ကြရာအလူးအလဲဖြင့်ပူးတွဲသရေပွဲဖြစ်သွားသည်။ ပထမဦးဆုံး တွေ့ဆုံကြခြင်းဖြစ်၍ ဝင်းထွန်းရော လုံးချောပါ ပညာချင်းပြိုင် သတ္တိချင်းဆိုင်ကာ ယှဉ်ပြိုင်ခဲ့ကြပြီး နှစ်ဦးစလုံးအထိနာခဲ့သည်။ ပြိုင်ဆိုင်မှုအပြင်းထန်ဆုံးအဖြစ် ဘတစ်ပြန် ကျားတစ်ပြန် ယှဉ်ပြိုင်ခဲ့ကြရာ ပရိသတ်များ ထိုင်မကြည့်နိုင်ဘဲ ထကြည့်ခဲ့ရသည်။ အသည်းမာမာ ဇွဲပါပါဖြင့် ယှဉ်ပြိုင်မှုပြင်းထန်၍ အားပေးသူပရိသတ်ပင် ကြက်သီး ထလောက်အောင် ဖြစ်ရသည်။ လုံးချောက ၎င်းအားသန်သည့် ခြေကန်ချက်ဖြင့် အများဆုံးရင်ဆိုင်ပြီး ဝင်းထွန်းက လက်သီးကို အားပြုထိုးသည်။ ဝင်းထွန်း၏လက်သီးချက်များကြောင့် လုံးချောမျက်နှာကွဲပြီး သွေးထွက်သွားသည်။

ဒုတိယအချီတွင် လုံးချောအနည်းငယ် အသာရလာသည်။ လုံးချောက ခြေထောက် အယောင်ပြကန်ပြီး အပူးတွင် ဒူးဖြင့် ဆောင့်တိုက်ရာ ဝင်းထွန်း အနည်းငယ် အထိနာခဲ့သည်။

၂၀၀၆ ခုနှစ်နှင့် ၂၀၀၇ ခုနှစ် အလွတ်တန်း ရွှေခါးပတ် ချန်ပီယံ လုံးချောနှင့် (၂၀၀၀၊၂၀၀၆၊၂၀၀၇) သုံးထပ်ကွမ်း ရွှေခါးပတ် ချန်ပီယံ ဝင်းထွန်းတို့၏ပွဲမှာ ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့် ဆိုသကဲ့သို့ အပြန်အလှန် ရှိလှသည်။ ဒုတိယအချီတွင် အသာရခဲ့သော လုံးချောမှာ တတိယအချီတွင် ဝင်းထွန်း၏ ဘယ်ညာလက်သီးချက်များကြောင့် အတော်ပင် အထိနာခဲ့ရသည်။ လုံးချောမှာ ဝင်းထွန်း၏ လက်သီးချက်များကို မရှောင်နိုင်ဘဲ မျက်နှာပေါ်သို့တရစပ် ထိမှန်ခဲ့ရာဘယ်ဘက်မျက်လုံးပင်ပိတ်သည်အထိ ဖြစ်ခဲ့ရသည်။ စတုတ္ထအချီနှင့် ပဉ္စမအချီတို့တွင်လည်း လုံးချောရောဝင်းထွန်းပါ ရေကုန်ရေခန်း ယှဉ်ပြိုင်ကြသော်လည်း အရှုံးအနိုင်မပေါ်ဘဲ သရေပွဲဖြင့် အဆုံးသတ်သွားသည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၅-၂၀၀၈ (စနေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ပြုံးသေ မဲ့သေ" တရားတော် [ဆရာတော် အရှင်ဇဝန(မေတ္တာရှင်)]
၈း၀၅ - ၂း၀၅	ACTIVITIES IN THE CITY
၈း၂၀ - ၂း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၅ - ၂း၄၅	သပြေကုန်းမှ ရွှေအပြုံးများ
၉း၂၀ - ၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀ - ၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅ - ၃း၃၅	တီထွင်ဖန်တီး ဆန်းသစ်စေမှာ ကလေးများရဲ့ကမ္ဘာ
၁၀း၀၀ - ၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅ - ၄း၀၅	အလှမျိုးစုံလင် တောင်လှေကားမြို့တော်တစ်ခွင်
၁၀း၂၅ - ၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅ - ၄း၃၅	Diploma Guide (Diploma in Logistics Management အကြောင်းသိကောင်းစရာ)
၁၁း၀၀ - ၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅ - ၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅ - ၅း၁၅	စိတ်အားထက်သန် ဆန္ဒအမှန်
၁၁း၄၀ - ၅း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅ - ၅း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀ - ၅း၅၀	သီးပွင့်ဝေဆာ ပဒေသာ(ပျားလိမ္မော်)
၁၂း၀၅ - ၆း၀၅	ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
၁၂း၁၀ - ၆း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅ - ၆း၁၅	**အသက်ကလေးရယ်တဲ့ရှည်စေလို (ဦးအောင်လွင်၊ ဦးကြည်စိုး၊ ၄က်ပျောကြော်၊ ထင်ပေါ်၊ မေထွဋ်ခေါင်၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ - ကြည်စိုး)**
၁၂း၃၅ - ၆း၃၅	တစ်ပတ်အတွင်း အားကစားသတင်း
၁၂း၅၀ - ၆း၅၀	လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၀၀	Chelsea-Man Utd	ESPN(Live)
၈း၂၅	Tottenham-Bolton	ESPN(Live)
	Birmingham-Liverpool	Star Sport(Live)
၁၀း၃၀	Sunderland-Middlesbrough	Star Sport(SDD)
၁၁း၀၀	Wigan-Reading	ESPN(SDD)

- မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း . . .
- လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း . . .
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း . . .
- နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားသူတိုင်း . . .
- နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း . . .

ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

အတည်ပြု၍ ထောက်ခံကြ

ဒို့မြန်မာပြည်၊ ကမ္ဘာတည်အောင်
အရှည်မျှော်တွေး၊ မျိုးချစ်သွေးဖြင့်
ရေးဆွဲကြည်ဖြူ၊ အခြေခံမှုကို
ပြည်သူအပေါင်းက သောင်းသောင်းဖြ။
အတည်ပြု၍ ထောက်ခံကြ။

မောင်မိုးဦး

- မင်းမဲ့စရိုက်ဖြင့်
  ဒီမိုကရေစီမရနိုင်။
  ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်။
  အခြေခံဥပဒေဖြင့်သာ
  ဒီမိုကရေစီ ရနိုင်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မား ရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

- ဒို့အနာဂတ် ဒို့ပုန်တီးဖို့ အခြေခံဥပဒေ အတည်ပြုစို့။

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းသန့်စင်ကျော်အား ငွေဓားဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၁) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြား

နေပြည်တော် ဧပြီ ၂၅

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၁) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ **စာမျက်နှာ ၉ ကော်လံ ၃ သို့** ❖

ကြေးမုံ The Mirror ဆောင်း ပါး အ ညွှန်း

"အခြေခံဥပဒေကို ထောက်ခံအတည်ပြုသူတိုင်းကို အခြေခံဥပဒေက ပြန်လည် ထောက်ခံ အတည်ပြုမည်သာဖြစ်သည်။ လူတိုင်း တာဝန်ကျေပွန်မှ အားလုံး အခွင့်အရေးရမည်"

စိုင်းသိဟ၏ (ဆောင်းပါး) စာမျက်နှာ-၄

နိုင်ငံသစ်ဆီ ဒို့ဦးတည် အခြေခံဥပဒေ အတည်ပြုမည်